AOW
Arakan Oil Watch




# ပဋိပက္ခပွားစေသော မီးလျှံများ

## ရခိုင့်ဘဝများကိုလောင်မြိုက်နေသော ရင်းနှီးမြှုပ်နှံမှုများ

ရခိုင်ပြည်အခြေအနေကိုခြုံငုံ သုံးသပ်တင်ပြထားသည် - ဇူလိုင် ၂၀၂၀


# ပင့်ပက္ခပ္ပားစေသော မီးလျှံများ


## ရခိုင့်ဘဝများကိုလောင်မြိုက်နေသော ရင်းနှီးမြှုပ်နှံမှုများ


ရခိုင်ပြည်အခြေအနေကိုခြုံငုံ သုံးသပ်တင်ပြထားသည် - ဇူလိုင် ၂၀၂၀

ရခိုင်ရေနံစောင့်ကြည့်ရေးအဖွဲ့ (AOW) သည် ၂၀၀၆ ခုနှစ်ကတည်းက ရခိုင်ပြည်ရှိရေနံနှင့်သဘာဝဓါတ်ငွေ့ စီမံကိန်းများအပါအဝင် နိုင်ငံခြားရင်းနှီးမြုပ်နှံမှုစီမံကိန်းများကို စောင့်ကြည့်လာနေသောအဖွဲ့ဖြစ်သည်။ ရခိုင်ရေနံ စောင့်ကြည့်ရေးအဖွဲ့သည် ဗမာသဘာဝပတ်ဝန်းကျင်အလုပ်ဖွဲ့ (Burma Environmental Working Group) နှင့် Oil Watch South East Asia (OilWatch SEA) တို့၏ အဖွဲ့ဝင်အဖွဲ့အစည်းဖြစ်ပြီး ရခိုင်ပြည်အပါအဝင် မြန်မာ တနိုင်ငံလုံးတွင် ရေရှည်တည်တံ့ခိုင်မြဲသော တရားမျှတမှုနှင့်ငြိမ်းချမ်း ဖြစ်ထွန်းလာစေရေးအတွက် ဖက်ဒရယ်ဆိုင်ရာ သဘာဝသယံဇာတစီမံကိန်း စီမံခန့်ခွဲမှုစနစ်များ ဖြစ်ပေါ်လာအောင် လုပ်ဆောင်နေသော အဖွဲ့လည်းဖြစ်သည်။ ရခိုင် ရေနံစောင့်ကြည့်ရေးအဖွဲ့၏ ထုတ်ဝေခဲ့ပြီးသော အစီရင်ခံစာများကို www.oilwatcharakan.org တွင် ရယူနိုင်ပါသည်။

ဆက်သွယ်ရန်၊ ၊ infoarakanoilwatch@gmail.com






# မာတိကာ

**အစီရင်ခံစာအနှစ်ချုပ်** ---------------------------------------------------------------------------------------- ၁

**လက်နက်ကိုင်စွဲ ပဋိပက္ခဖြစ်ပွားကြခြင်း** ------------------------------------------------------------------------- ၃

*ကမ္ဘာ့ကပ်ရောဂါ Covid-19 ကျရောက်စဉ်ကာလအတွင်း စစ်ပွဲများ အရှိန်အဟုန်မြင့်တက်လာခြင်း* ------- ၃

**မြေယာနှင့် သဘာဝသယံဇာတဆိုင်ရာ ပဋိပက္ခများ** --------------------------------------------------- ၄

*ရေနံနှင့် သဘာဝဓါတ်ငွေ့အတွက် ရင်းနှီးမြှုပ်နှံမှုများမှ နိုင်ငံတော်က ရရှိသော အခွန် ဘဏ္ဍာများ* --------- ၆

*ရခိုင်ပြည်နယ်အတွင်း ကြီးမားသော ရင်းနှီးမြှုပ်နှံမှုများ* ---------------------------------------------------- ၆

*ရခိုင်ကမ်းလွန်မှ ထွက်ရှိသော သဘာဝဓါတ်ငွေ့*-------------------------------------------------------- ၇

*တရုတ်၏ ကုန်သွယ်ရေးဗဟိုချက်ဖြစ်လာမည့် ရခိုင်ဒေသ* ------------------------------------------------ ၈

*Covid-19 ကပ်ရောဂါ ဖြစ်ပွားနေသော်လည်း ရေနံတင်သင်္ဘောကြီးများ ကျောက်ဖြူသို့*

*အဆက် မပြတ် ဆိုက်ရောက်နေကြခြင်း* ------------------------------------------------------------------ ၈

*အိန္ဒိယ၏ကုန်သွယ်ရေး ဗဟိုချက်ဖြစ်လာမည့် ရခိုင်ဒေသ* ------------------------------------------------ ၁၂

**ဗဟိုချုပ်ကိုင်စိုးမိုးအုပ်ချုပ်မှုက ပဋိပက္ခမီးတောက်ကို ပိုမိုတောက် လောင်စေခြင်း** ---------------- ၁၃

**မြေယာနှင့်သဘာဝသယံဇာတများအပေါ် ရခိုင်ပြည်သူလူထု၏ ရပ်တည်ချက် သဘောထား** ---- ၁၄

**အနှစ်ချုပ် ကောက်နုတ်သုံးသပ်ချက်** -----------------------------------------------------------------၁၈

**အကြံပြုချက်များ** ---------------------------------------------------------------------------------------- ၂၀

## အစီရင်ခံစာအနှစ်ချုပ်

Covide-19 ကပ်ရောဂါဆိုး၏ အကျပ်အတည်းကို တွေ့ကြုံခံစားနေကြရသည့်ကာလအတွင်း မြန်မာပြည်အနောက်ဖက်ဒေသတွင် ဖြစ်ပွားနေသော ပဋိပက္ခများသည် မကြုံစဖူးအနေအထားသို့ အချိန်မြင့်တင်လျက်ရှိနေသည်ဖြစ်ရာ မြန်မာအစိုးအရနှင့် နိုင်ငံတကာမှ ရင်းနှီးမြှုပ်နှံမှု ကုမ္ပဏီများအနေဖြင့် ရခိုင်ပြည်နယ်မှ ကြွယ်ဝလှသည့် သဘာဝသယံဇာတများအား အတင်းအဓမ္မ တူးဖော်ထုတ်ယူနေမှုများကို အဆောတလျင် ချက်ချင်းရပ်တန့်ပစ်ရန် လိုအပ်နေသည်။

ဌာနေတိုင်းရင်းသားများ၏ သဘောဆန္ဒမပါဘဲ ယင်းကဲ့သို့ တူးဖော်ထုတ်ယူမှုများသည် ဒေသတွင်းဖြစ်ပွားနေသည့် ပဋိပက္ခများကို မီးထိုးပေးရာရောက်သည်သာမက ဒေသတွင်း ပြည်သူလူထုကို ခိုကိုးရာမဲ့ဘဝသို့ ထပ်မံတွန်းပို့ပေးနေသည်။

ဌာနေပြည်သူများ၏ သဘောတူလက်ခံမှုကိုမရရှိသည့် ရွှေသဘာဝဓါတ်ငွေ့ တူးဖော်ထုတ်လုပ်မှု၊ စစ်တွေနှင့် ကျောက်ဖြူမှ ရေနက်ဆိပ်ကမ်းများ၊ ကျောက်ဖြူအထူးစီးပွားရေးဇုံနှင့် ဆက်စပ်နေသော ကုန်သွယ်ရေးစင်္ကြံများအပါအဝင် အမေရိကန်ဒေါ်လာ ဘီလီယံပေါင်းများစွာ တန်ဖိုးရှိသည့် စီမံကိန်းများအား ပြီးမြောက်အောင် အကောင်အထည်ဖော်ဆောင်ရွက်လျက် ရှိသောလက်သည်များမှာ တရုတ်၊ အိန္ဒိယနှင့် တောင်ကိုးရီးယားနိုင်ငံများဖြစ်သည်။

ဒေသတွင်းပြည်သူများသည် ယင်းစီမံကိန်းများမှ မည်သည့်အကျိုးအမြတ်ကိုမှ မရရှိသည့်အပြင် ၄င်းတို့၏ မြေယာများ၊ အသက်မွေးဝမ်းကျောင်းအလုပ်အကိုင်များကို ဆုံးရှုံးကြရပြီး သဘာဝပတ်ဝန်းကျင်ကိုပါ ထိခိုက်ပျက်စီးစေခဲ့သည်။ ထို့ပြင် လက်ရှိဖြစ်ပွားနေသော ကမ္ဘာ့ကပ်ရောဂါ Covid-19 အား ကြံ့ကြံ့ခံဖြတ်သန်းကျော်လွှားနိုင်စွမ်းကို ဆိုးဆိုးဝါးဝါး ကျဆင်းစေသည်။

ရခိုင်ပြည်မြောက်ပိုင်းတွင် စစ်ပွဲများပြင်းထန်စွာ ဖြစ်ပွားလျက်ရှိသည့်အပြင် Covid-19 ကြောင့် မြန်မာပြည်၏ အခြားသော နယ်စပ်အဝင်ဂိတ်များအား ပိတ်ဆို့မှုများပြုလုပ်ထား သော်လည်း ကျောက်ဖြူမှ မဒေးကျွန်းရေနက်ဆိပ်ကမ်းတွင် ရေနံတင်သင်္ဘောကြီးများ အဆက်မပြတ်ဆိုက်ရောက်ကာ တရုတ်ပြည်သို့ ပို့ဆောင်မည့် ရေနံများအား ကုန်ချနေခဲ့သည်။ ယင်းတွင် Covid-19 ဆိုင်ရာ ကျန်းမာရေးကာကွယ်စောက်ရှောက်မှုလုပ်ငန်းစဉ်များအား သက်ဆိုင်ရာတာဝန်ရှိသူများမှ လုပ်ဆောင်ခြင်းရှိမရှိကို မသိရသည့်အတွက် အနီးဝန်းကျင်မှ ပြည်သူလူထုမှာ ရောဂါကူးစက်ခံရမည်ကို အထူးပင် စိုးရိမ်ကြောက်ရွံ့လျက်ရှိနေကြသည်။

ရခိုင်ပြည်နယ်မှ သဘာဝသယံဇာတများအား ပြည်သူလူထု၏ သဘောဆန္ဒမပါဘဲအတင်း အဓမ္မတူးဖော်ထုတ်ယူနေကြခြင်းတွင် အနောက်နိုင်ငံများမှ ရေနံကော်ပိုရေးရှင်းများသည် ပူးပေါင်းပါဝင်လျက်ရှိသည်။ ရခိုင်ကမ်းရိုးတန်းမှ သဘာဝဓါတ်ငွေ့များ တူးဖော်ထုတ်လုပ်ကြခြင်း၌ ၂၀၁၄ ခုနှစ်ကပင် နိုင်ငံခြားကုမ္ပဏီ (၁၃) ခု ပါဝင်ရင်းနှီးမြှုပ်နှံခဲ့ကြသည်။ Australia Woodside Energy နှင့် French Total ရေနံကုမ္ပဏီများသည် လုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ဆောင်လျက်ရှိပြီး အသစ်တွေ့ရှိသော သဘာဝဓါတ်ငွေ့သိုက်များမှ ထိုင်းနိုင်ငံနှင့် တရုတ်နိုင်ငံသို့ သဘာဝဓါတ်ငွေ့များတင်ပို့ရန် အမေရိကန်ဒေါ်လာ ဘီလီယံချီသော သဘောတူညီချက်များကို ဆွေးနွေးလုပ်ဆောင်လျက်ရှိသည်။ မကြာသေးမီ ၂၀၁၉ ခုနှစ် ဒီဇင်ဘာလက သဘောတူညီချက်ကို လက်မှတ်ရေးထိုးခဲ့ကြသည်။

၄င်းနိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများမှ ရရှိသော ဝင်ငွေများနှင့် အများပြည်သူသိရှိအောင် ထုတ်ပြန်ထားခြင်းမရှိသည့် ပြည်ပအကူအညီ အမေရိကန်ဒေါ်လာ သန်းပေါင်းများစွာတို့သည် နေပြည်တော်အစိုးရ၏ တစ်ပြည်ထောင် ဗဟိုချုပ်ကိုင်စိုးမိုးမှုဥပဒေ စည်းမျဉ်းများကို အမှီသဟဲ ပြုကာ မိမိနိုင်ငံသားများအား တိုက်နေသည့် စစ်ပွဲကို ထောက်ပံ့နေလျက်ရှိသည်။

ရခိုင့်တပ်တော် (AA) အား အပြုတ်တိုက်ရေးဟူသည့် မြန်မာအစိုးရ၏ မဟာဗျူဟာသည် မရှုမလှကျရှုံးလျက်ရှိကြောင်း သိသိသာသာ ထင်ရှားလာခဲ့သည်။ သို့ဖြစ်ရာ ယခုကာလသည် နိုင်ငံခြားအစိုးရများ၊ စီးပွားရေးကော်ပိုရေးရှင်းများနှင့် အဖွဲ့အစည်းများသည် ၄င်းတို့၏ စေ့စပ်ညှိနှိုင်းရေး မူဝါဒများကို ပြန်လည်သုံးသပ်ပြီး ရခိုင်ပြည် သူပြည်သားများ၏ ဆုံးရှုံးနစ်နာရမှုများ

ကို အလေးဂရုပြု စဉ်းစားကြသင့်သည့် အချိန်အခါပင်ဖြစ်သည်။

ဤအစီရင်ခံစာတွင် - ရခိုင်ပြည်နယ်တွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု နောက်ဆုံး အခြေအနေများ၊ ဒေသတွင်းပြည်သူများ၏ မြေယာနှင့် ရပိုင်ခွင့်များကို ကာကွယ်နိုင်ရန် ကြိုးပမ်းအားထုတ်တိုက်ပွဲဝင်ရမှုများ၊ ပြည်းတွင်းပဋိပက္ခကို အဆုံးသတ်နိုင်မည့် အဓိကသော့ချက်တခုဖြစ်သည့် - အနာဂတ်တွင် ဖြစ်ပေါ်လာမည့် ဖက်ဒရယ်ပြည်ထောင်စုတွင် သဘာဂသယံဇာတများအား မည်သို့ကိုင်တွယ် စီမံခန့်ခွဲကြမည်နည်းဟူသော အဖြေထုတ်မှုများအတွက် နိုင်ငံရေးတွင် ဦးဆောင်ပါဝင်ကြသူများ၏ အဆိုပြုချက်များကို ဖော်ပြထားသည်။

ရခိုင်ပြည်နယ်အပါအဝင် တိုင်းရင်းသားနယ်မြေများတွင် ထိုးစစ်ဆင်နွဲနေမှုများအား ချက်ချင်းရပ်တန့်ပြီး တိုင်းရင်းသားများနှင့် ပဋိပက္ခဖြစ်ပွားရသည့် အဓိကအကြောင်းအရင်းကို ဦးတည်သည့် နိုင်ငံရေးဆွေးနွေးမှုများကို စတင်အကောင်အထည်ဖော်ရန် မြန်မာအစိုးရအားတိုက်တွန်းသည်။

လက်ရှိဖြစ်ပွားနေသော ပဋိပက္ခများအဆုံးသတ်နိုင်စေရန်အတွက် ရခိုင်ပြည်နယ်နှင့် တိုင်းရင်းသားနယ်မြေများတွင် ရင်းနှီးမြှုပ်နှံမှုကြီးမားသော စီမံကိန်းများအားလုံးကို အနာဂတ်တွင်ဖြစ်ပေါ်လာမည့် ပြည်ထောင်စုငြိမ်းချမ်းရေး သဘောတူစာချုပ်နှင့်အညီ ဖက်ဒရယ်ပြည်ထောင်စုဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ဖက်ဒရယ်ပြည်ထောင်စု ဥပဒေပြုလွှတ်တော်များ အတည်ပြုပြဌာန်း အသက်ဝင်သည်အထိ ဆိုင်းငံ့ထားရန် နိုင်ငံခြားအစိုးရများနှင့် ရင်းနှီးမြှုပ်နှံမှုကုမ္ပဏီများအား တိုက်တွန်းသည်။

## လက်နက်ကိုင်စွဲပဋိပက္ခဖြစ်ပွားကြခြင်း

ပြီးခဲ့သည့်နှစ်အတွင်း၌ ရခိုင်ပြည်နယ်မြောက်ပိုင်းနှင့် ချင်းပြည်နယ်တောင်ပိုင်းတွင် ဖြစ်ပွားခဲ့သည့် လက်နက်ကိုင်စွဲပဋိပက္ခများသည် မြန်မာပြည်တွင် ယခင်ဆယ်စုနှစ်များစွာကြုံတွေ့ခဲ့ကြရသည့်အပြင်းထန်အဆိုးဝါးဆုံးသော အခြေအနေသို့ အရှိန်မြင့်တက်လာခဲ့သည်။ အကြောင်းမှာ မြန်မာအစိုးရ စစ်တပ်သည် ရခိုင့်တပ်တော် (AA) ၏ စစ်ရေးလှုပ်ရှားမှုများကို ထိန်းချုပ်နိုင်ရန် အပြင်းအထန် ရုန်းကန်နေရသောကြောင့်ဖြစ်သည်။



မတ်လ ၂၂ ရက် နှင့် ၂၃ ရက်တို့တွင် တင်းမကျေးရွာရှိအိမ်ခြေပေါင်း ၁၄၀ ခန့် မီးရှို့ခံခဲ့ရကြောင်း ၂၀၂၀ ခုနှစ် မေလ ၁၄ ရက်တွင် ဂြိုလ်တုမှတဆင့်ရိုက်ယူထားသော ဓါတ်ပုံများက ဖော်ပြသည်။ *(Source: Human Rights Watch/Planet Labs 2020)*

မြန်မာအစိုးရစစ်တပ်သည် မြန်မာပြည်၏ အခြားစစ်တိုင်းဒေသများမှ တပ်များကိုခေါ်ယူဖြန့်ကျက်ပြီး ဂျက်တိုက်လေယာဉ်များ ရဟတ်ယာဉ်များ စစ်သင်္ဘောများပေါ်မှ ပစ်ခတ်ခြင်း၊ မြေပြင်မှ ဒုံးကျည်အမျိုးမျိုးဖြင့် ပစ်ခတ်ခြင်းဖြင့် နည်းအမျိုးမျိုးသုံးကာ ရခိုင့်တပ်တော် (AA) အား အပြင်းအထန် ထိုးစစ်ဆင်နွှဲလျက်ရှိသည်။

ရခိုင့်တပ်တော် (AA) ၏ အလွယ်တကူတပ်ဖျောက်ရွေ့လျားနိုင်သည့် မြင့်မားသော ပျောက်ကျားစွမ်းရည်နှင့် ရခိုင်ပြည်သူလူထု၏ တစ်ခဲနက် ထောက်ခံမှု၊ ထောက်ပံ့မှုများကြောင့် ယုန်တောင်ပြေး၊ ခွေးမျောက်လိုက်သည့်ပမာ မရှုမလှခံနေရသော မြန်မာအစိုးရစစ်တပ်သည် ကြွက်မနိုင် ကျီကိုမီးနှင့် ရှို့ဆိုသကဲ့သို့ လူဦးရေထူထပ်သော အရပ်သားကျေးရွာပစ်မှတ်များအား မဆင်မခြင်ရမ်းသမ်းပစ်ခတ်မှုများကို ပြုလုပ်လာသည့်အတွက် ၂၀၁၈ ခုနှစ် ဒီဇင်ဘာလမှ ယနေ့အထိ အနည်းဆုံး အရပ်သား (၂၅၇) ဦးကျော်သေဆုံးပြီး ၅၆၀ ကျော် ထိခိုက်ဒဏ်ရာရခဲ့ကြသည်။ [1]



မြန်မာ့တပ်မတော်နှင့် AA တို့၏ စစ်ပွဲများကြောင့် ရသေ့တောင်မြို့နယ်ရှိဒေသခံပြည်သူများ ၂၀၂၀ ခုနှစ် ဇွန်လ ၂၀ ရက်နေ့တွင် နေအိမ်များကို စွန့်ခွါထွက်သွားနေကြစဉ်

*(Photo: BAR CAR)*

ဤကာလအတွင်းမှာပင်ကျေးရွာ(၁၀)ရွာခန့်မီးရှို့ဖျက်စီးခံရပြီးဖြစ်သည်။ ကျေးရွာပေါင်းနှစ်ရာကျော်မှ အိုးအိမ်စွန့်ခွာ စစ်ဘေး ရှောင်ခဲ့ကြရသော ရခိုင်နှင့် ချင်းရွာသားများမှာ (၂၅၀၀၀၀) ကျော်အထိ ရှိလာခဲ့ပြီးဖြစ်သည်။[2] ထိုအထဲတွင် အနည်းဆုံး ၁၅၆၀၀၀ ဦးမှာ စစ်ဘေးရှောင်ဒုက္ခသည် စခန်းများတွင်နေထိုင်လျက်ရှိသည်။ ၂၀၂၀ ခုနှစ် ဇွန်လနောက်ဆုံးပတ်တွင် မြန်မာစစ်တပ်မှနယ်မြေရှင်းလင်းရေးအစီမံများကြောင့် ရသေ့တောင်မြို့နယ် ကျောက်တန်းကျေးရွာအုပ်စုမှ အနည်းဆုံးရွာသား တစ်သောင်းကျော်သည် ၎င်းတို့၏နေအိမ်များကို စွန့်ခွါထွက်ပြေးခဲ့ကြရသည်။[3]





မြန်မာအစိုးရ ပြောရေးဆိုခွင့်ရှိသူ ဦးဇော်ဌေး၏ ပြောကြားချက်အရ ဒေါ်အောင်ဆန်းစုကြည် နှင့် တပ်မတော်အကြီးအကဲ ဦးမင်းအောင်လှိုင်တို့ ဇွန်နဝါရီလ ၂၀၁၉ ခုနှစ် တွေ့ဆုံမှုအပြီးတွင် သမတ္တရုံးမှ မြန်မာတပ်မတော်အား ရခိုင့်တပ်တော် ကို အပြီးသတ်ချေမှုန်းရန် ပြောကြားထားကြောင်းဆိုသည်။*(Photo: Internet)*

၂၀၁၇ ခုနှစ်က ရခိုင်ပြည်နယ်မြောက်ပိုင်းတွင် မြန်မာအစိုးရစစ်တပ်သည် မူဆလင်အစွမ်းရောက်ဆိုသူများအား နယ်မြေရှင်းလင်းရေးပြုလုပ်ခဲ့ရာ၌ ရာချီသော မူဆလင်ကျေးရွာများမှာ မီးရှို့ဖျက်ဆီးခံခဲ့ကြရသည်။ မူဆလင်ဦးရေ (၇) သိန်းကျော်ခန့် အ စုအပြုံလိုက် အိမ်နီးချင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ထွက်ပြေးခိုလှုံခဲ့ရသည့်အဖြစ်မျိုးကို ယခုရခိုင်ပြည်သူများက ထပ်မံကြုံတွေ့ နေရခြင်းပင်ဖြစ်သည်။ လက်ရှိ၌ မြန်မာနိုင်ငံတွင်းရှိ IDP စခန်းများတွင် မူဆလင်ဦးရေ (၁၃၀၀၀၀) ခန့် နေထိုင်လျက်ရှိကြသည်။ [4]

## ကမ္ဘာ့ကပ်ရောဂါ Covid-19 ကျရောက်စဉ်ကာလအတွင်း စစ်ပွဲများ အရှိန်အဟုန်မြင့်တက်လာခြင်း

မြန်မာအစိုးရနှင့် မြန်မာ့တပ်မတော်သည် ရခိုင်တပ်တော်(AA) နှင့် အလေးအနက်သဘောဆောင်သောမည်သည့် အပစ်အခတ်ရပ်

စဲခြင်းမျိုး၊ မည်သည့် နိုင်ငံရေးဆွေးနွေးမှုမျိုးကိုမှ မပြုလုပ်သည့်အပြင်၊ ထိုသို့ပြုလုပ်ရန် နှစ်ပေါင်းများစွာ ငြင်းဆန်နေခဲ့သည်။ ငြိမ်းချမ်းရေးလေသံကို တွင်တွင်ပစ်ရင်း ထိုးစစ်ကိုသာ အရှိန်မြှင့်နေခဲ့သည်။

၂၀၁၉ ခုနှစ် ဇန်နဝါရီလတွင် မြန်မာအစိုးရပြောရေးဆိုခွင့်ရှိသူ ဦးဇော်ဌေးမှ "အကြမ်းဖက်သောင်းကျန်းသူများ အမြစ်ဖြတ်ချေမှုန်းရန် မြန်မာ့တပ်မတော်အား သမ္မတရုံးမှ ညွှန်ကြားကြောင်း" [5] ပြောဆိုခဲ့ပြီးနောက်၊ ယင်းနှစ် ဇွန်လတွင် စစ်ပွဲဖြစ်ပွားနေသော မြန်မာပြည် အနောက်ဖက်ဒေသမှ မြို့နယ် (၉) ခုအား အင်တာနက် သုံးစွဲမှု ကို ပိတ်ပင်ခဲ့သည်။[6]

Covid-19 ကပ်ဆိုးကျရောက်စဉ် ၂၀၂၀ခုနှစ် မတ်လ (၂၃)ရက်နေ့၌ မြန်မာအစိုးရသည် ရခိုင့်တပ်တော် (AA) အား အကြမ်းဖက်အဖွဲ့အစည်းအဖြစ် ပုံဖော်ခဲ့ပြီး မတရားအသင်းအဖြစ် ကြေညာခဲ့သည်။ ဝက်ဘ်ဆိုက်ပေါင်း (၂၃၀) ကိုလည်း ပိတ်စေခဲ့သည်။ [7] ယင်းနောက် မကြာမီ၌ပင် ပြည်တွင်းမှ သတင်းစာဆရာများနှင့် တက်ကြွလှုပ်ရှားသူများ အများအပြားပင် ဖမ်းဆီးခံရသည်။ ရခိုင့်တပ်တော် (AA) အား အင်တာဗျူးပြုလုပ်သည်၊ သို့မဟုတ် (AA) မှ တာဝန်ရှိသူများနှင့် ဆက်သွယ်မှု၊ ဆက်နွယ် မှုရှိသည်ဟု စွပ်စွဲကာ ဖမ်းဆီးခံရခြင်းဖြစ်သည်။ [8]

၂၀၂၀ ခုနှစ် မေလ (၃) ရက်နေ့တွင် ရခိုင့်တပ်တော် (AA) ပါဝင်သည့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ (၃) ခု မဟာမိတ်ပြုထားသော ညီနောင်မဟာမိတ်(၃)ဖွဲ့သည် တစ်ဖက်သတ်အပစ်အခတ်ရပ်စဲကြောင်း သူတို့ယခင်ထုတ်ပြန်ထားသည့်ကာလကို Covid-19 ကပ်ရောဂါဖြစ်ပွားနေသည့် အကြောင်းကြောင့် မေလကုန် သည်အထိ တိုးမြှင့်လိုက်ကြောင်းထုတ်ပြန်ခဲ့သည်။

ယင်းသို့ထုတ်ပြန်ပြီး တစ်ပတ်ခန့်အကြာ မေလ (၉) ရက်နေ့တွင် မြန်မာအစိုးရ စစ်တပ်သည် တိုင်းရင်းသားများနှင့် တစ်ပြည်လုံးတွင် ဖြစ်ပွားနေသော စစ်ပွဲများအား ၄င်းတို့ဖက်မှ (၄) လကြာ တစ်ဖက်သတ်ရပ်စဲကြောင်း ထုတ်ပြန်ခဲ့သော်လည်း မြန်မာပြည်အနောက်ဖက်ခြမ်းဒေသကိုမူ ချန်လှပ်ထားခဲ့သည်။


မေလ (၁၁) ရက်နေ့တွင် ညီနောင်မဟာမိတ်(၃)ဖွဲ့ မှ Covid-19 ရောဂါပြန့်နှံ့မှုကို ထိန်းချုပ်ကာကွယ်နိုင်ရန်အတွက် ရခိုင်ဒေသကို တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးမှ ဖယ်ထုတ်မထားခဲ့ရန် တောင်းဆိုခဲ့သည်။[9] ကုလသမဂ္ဂနှင့် မြန်မာပြည်ရှိ နိုင်ငံတကာသံအမတ်များမှလည်း တစ်နိုင်ငံလုံး ပါဝင်သော အပစ်အခတ်ရပ်စဲရေး ကို တောင်းဆိုကြောင်း အသီးသီးထုတ်ပြန်ခဲ့ကြသည်။ သို့ရာတွင် မြန်မာ့တပ်မတော်သည် ယင်းအား "လက် တွေ့မဆန်သော တောင်းဆိုမှု" ဟု သတ်မှတ်ခဲ့သည်။

မေလကုန်ပိုင်းတွင် မြန်မာ့တပ်မတော်သည် ကျေးရွာ (၂) ရွာမှ အိမ်ခြေ (၂၇၀) ခန့်ကို မီးရှို့ဖျက်စီးခဲ့ရာ - မေလ (၁၆) ရက်နေ့တွင် မြောက်ဦးမြို့နယ်လက္ကာကျေးရွာမှ အိမ်ခြေ (၂၀၀) ခန့်နှင့် မေလ (၂၆)ရက်နေ့တွင် ပလက်ဝမြို့နယ် မီးလက်ဝကျေးရွာမှ ရွာသားများ စွန့်ခွာထားပစ်ခဲ့ရသည့် အိမ်ခြေ (၇၀) ခန့်တို့ဖြစ်သည်။ မြန်မာ့တပ်မတော်သည် ယင်းလုပ်ရပ်အား ရခိုင်တပ်တော် (AA) ကို လွှဲချပစ်ခဲ့သော်လည်း မျက်မြင်သက်သေများ၏ ပြောဆို ချက်များအရ အိမ်များမီးချိုးမခံရမီက အနီးတဝိုက်တွင် မြန်မာ့တပ်မတော်သားများကို တွေ့မြင်ခဲ့ရသည်ဟုဆိုသည်။ [10]

စစ်ပွဲများ၏ အတိဒုက္ခများကို ခံစားနေကြရသော ရခိုင်ပြည်နယ်မြောက်ပိုင်းမှ ပြည်သူများအား Covid-19 က တစ်ဖန် ခြိမ်းခြောက်လာပြန်သည်။ လူဦးရေ ပြွတ်သိပ်နေထိုင်ကြရသည့် IDP စခန်းများနှင့် စစ်ဘေးရှောင်စခန်းများတွင် Covid 19 ရောဂါပိုးသည် အလျင်အမြန်ပင် ကူးစက်ပျံ့နှံ့နိုင်ခြေရှိနေသည်။ အင်တာနက်သုံးစွဲမှု ပိတ်ပင်ထားရခြင်းသည် Covid-19 အား ထိန်းချုပ်ကန့်သတ်နိုင်ရန် ကြိုးပမ်းရာ၌ ကြီးစွာသော အခက်အခဲကို ဖြစ်စေလျက်ရှိသည်။

**CASS**

## Security Incidents in Rakhine State and Southern Chin State in 2019 and 2020 (as of 25 March)




**Disclaimer:** *This CASS product is designed for information purposes only. This map may not show all the islands of the coastal areas due to scale limitations. Basemap data provided by MIMU and copyrighted to MIMU at http://themimu.info/mimu-terms-and-conditions. CASS cannot guarantee the complete accuracy of the information presented. The boundaries and names shown and the designations used on this map do not imply official acceptance or endorsement by CASS. For more information, please visit cass-mm.org.*

*Source: Community Analysis Support System (CASS), April 9, 2020*

# မြေယာနှင့် သဘာဝသယံဇာတဆိုင်ရာ ပဋိပက္ခများ

## ရေနံနှင့် သဘာဝဓါတ်ငွေ့အတွက် ရင်းနှီးမြှုပ်နှံမှုများမှ နိုင်ငံတော်က ရရှိသော အခွန် ဘဏ္ဍာများ

မြန်မာအစိုးရသည် ကမ်းလွန်သဘာဝ ဓါတ်ငွေ့စီမံကိန်း (၄) ခု ဖြစ်သော ရတနာ၊ ရဲတံခွန်၊ ရွှေနှင့် ဇောတိက တို့မှ ထွက်ရှိသော သဘာဝဓါတ်ငွေ့များကို ထိုင်းနိုင်ငံနှင့် တရုတ်နိုင်ငံသို့ တင်ပို့ခြင်းအားဖြင့် နှစ်စဉ် အမေရိကန်ဒေါ်လာ (၃) ဘီလီယံကျော် ရရှိနေသည်။ [11] ယင်းသည် တိုင်းပြည်၏ ပြည်ပပို့ကုန် စုစုပေါင်းမှ ရရှိသော အခွန်ဘဏ္ဍာငွေများ၏ (၅၀%)ခန့် ရှိနေသည်ဖြစ်ရာ ပြည်ပသို့သဘာဝဓါတ်ငွေ့တင်ပို့ခြင်းမှ ရရှိသော အခွန်ဝင်ငွေအပေါ်၌ အလွန်အမင်း မှီခိုနေရသည့် အခြေအနေသို့ ရောက်ရှိနေသည်။ တိုင်းပြည်မှ ထွက်ရှိသော သဘာဝဓါတ်ငွေ့များ၏ (၁၇%) ခန့်ကိုသာ ပြည်တွင်း၌ သုံးစွဲလျက်ရှိသည်။[12]

မြန်မာပြည်တွင် ပြီးခဲ့သည့် နှစ် (၃၀) အတွင်း၌ ရေနံနှင့် သဘာဝဓါတ်ငွေ့ကဏ္ဍ နိုင်ငံခြားမှ တိုက်ရိုက်ရင်းနှီးမြှုပ်နှံခြင်းကဏ္ဍ (FDI) တွင် အကြီးမားဆုံး အရင်းအမြစ်ဖြစ်ပြီး အမေရိကန်ဒေါ်လာ (၂၂) ဘီလီယံအထိ ရရှိခဲ့ပြီးဖြစ်သည်။[13] ယင်းသည် မြန်မာပြည်တွင် နိုင်ငံခြားမှ တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု စုစုပေါင်း၏ (၃၀%) နီးပါးရှိပြီး တရုတ်၊ အိန္ဒိယနှင့် တောင်ကိုးရီးယား အပြင် ပြင်သစ်မှ Total ကုမ္ပဏီနှင့် အမေရိကန်ပြည်ထောင်စုမှ Chevron ကဲ့သို့ အနောက်နိုင်ငံ ကုမ္ပဏီများလည်း ပါဝင်သည်။

## ရခိုင်ပြည်နယ်အတွင်း ကြီးမားသော ရင်းနှီးမြှုပ်နှံမှုများ

ရခိုင်ပြည်နယ်ရှိ သဘာဓါတ်ငွေ့စီမံကိန်းများထဲမှတခုဖြစ်သော ရွှေသဘာဝဓါတ်ငွေ့ စီမံကိန်းသည် ရခိုင်ပြည်သူလူထုအတွက် အကျိုးတစုံတရာခံစားခွင့် မရှိသည့်အပြင် နေပြည်တော်အစိုးရအတွက် နိုင်ငံခြားဝင်ငွေရရှိရန် တခုတည်းအတွက် ပြည်ပရောင်းကုန်သက်သက်သာဖြစ်လာခဲ့ပြီး မကြာသေးမှီက ရခိုင်ပြည်နယ်တွင် အသစ်တွေ့ရှိထားသော တခြားသောသဘာဝဓါတ်ငွေ့စီမံကိန်းများမှာလည်း ၎င်းအတိုင်းသာ ဖြစ်လာဖွယ်ရှိသည်။

ရွှေသဘာဝဓါတ်ငွေ့စီမံကိန်းသည် တရုတ်ရေနံပိုက်လိုင်း၊ စစ်တွေနှင့် ကျောက်ဖြူမှ ရေနက်ဆိပ်ကမ်းစီမံ ကိန်း၊ တရုတ်နှင့် အိန္ဒိယသို့ ကုန်သွယ်ရေးစင်္ကြံလမ်းများအပါအဝင် အမေရိကန်ဒေါ်လာ ဘီလီယံပေါင်းများစွာ တန်သော စီမံကိန်းများအတွက် လမ်းဖွင့်ပေးခဲ့သည်။



## ရခိုင်ကမ်းလွန်မှ ထွက်ရှိသော သဘာဝဓါတ်ငွေ့


" ရွှေ " ကမ်းလွန်သဘာဝဓါတ်ငွေ့စီမံကိန်းကို တောင်ကိုးရီးယားနှင့် အိန္ဒိယ နှစ်နိုင်ငံပူးပေါင်းလုပ်ဆောင်သည့် POSCO မှ တာဝန်ယူလုပ်ကိုင်ပြီး မြန်မာပြည်ကိုဖြတ်လျက် တရုတ်နိုင်ငံသို့ သဘာဝဓါတ်ငွေ့များ တင်ပို့ရောင်းချခြင်းအတွက် မြန်မာအစိုးရသည် အနည်းဆုံး အမေရိကန်ဒေါ်လာ (၁.၅) ဘီလီယံအထိ ရရှိစေခဲ့သည်။ [14]

ယင်းသည် မြန်မာပြည်မှထွက်ရှိသော သဘာဝဓါတ်ငွေ့အားလုံးအပေါ်တွင်ရရှိသည့် အခွန်ဘဏ္ဍာ၏ ထက်ဝက်မျှရှိသည်။ ၂၀၂၀ ခုနှစ် အစောပိုင်းတွင် ယင်းအဖွဲ့သည်ပင် " ရွှေ" လုပ်ကွက်ထဲ၌ နောက်ထပ်သဘာဝဓါတ်ငွေ့သိုက်တစ်ခု ထပ်မံတွေ့ ရှိကြောင်း ၎င်းတို့လုပ်ပိုင်ခွင့်ရရှိထားသော နေရာတစ်ပိုက်၌ စူးစမ်းရှာဖွယ်မှုများ ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း ကြေညာခဲ့သည်။ [15]


၂၀၁၄ ခုနှစ်က နောက်ဆုံးပြုလုပ်ခဲ့သော အစိုးရတင်ဒါပွဲတွင် ရခိုင့်ကမ်းလွန်၌ ရေနံနှင့်သဘာဝဓါတ်ငွေ့များ စူးစမ်းရှာဖွေခွင့် အတွက် နိုင်ငံခြားကုမ္ပဏီ (၁၃) ခု ပါဝင်ရင်းနှီးမြှုပ်နှံခဲ့ကြသည်။ ၂၀၁၇ ခုနှစ်နှင့် ၂၀၁၉ ခုနှစ် အတွင်းတွင် လုပ်ကွက် (၅) ခုအား စူးစမ်းရှာဖွေကြည့်ရာ၌ ရလဒ်မကောင်းသည့်အတွက် ကုမ္ပဏီများမှ လက်လျှော့ခဲ့ကြသည်။ Australia Energy နှင့် Dutch – British Shell ကုမ္ပဏီတို့သည် ကြီးကြီးမားမား ရင်းနှီးမြှုပ်နှံခဲ့ကြပြီး အစောပိုင်းတွင် A-6 လုပ်ကွက်နှင့် AD-7 လုပ်ကွက်များမှ အဆမတန်များပြားသော သဘာဝဓါတ်ငွေ့သိုက်များကို တွေ့ရှိခဲ့ကြသည်။

လုပ်ကွက် A-6 မှ သဘာဓါတ်ငွေ့များကို ထုတ်ယူရောင်းချရန် ၂၀၁၉ ခုနှစ် ဒီဇင်ဘာလတွင် မြန်မာအစိုးရနှင့် စာချုပ်ချုပ်ဆိုခဲ့ ကြပြီး အများစုကို ထိုင်းနိုင်ငံသို့ တင်ပို့ရန်ရည်ရွယ်သည်။ ၂၀၂၃ ခုနှစ်ခန့်၌ ရတနာ သဘာဝဓါတ်ငွေ့စီမံကိန်းတွင် သဘာဝဓါတ်ငွေ့များ လျော့နည်းကုန်ခမ်းလာသည့်အခါ ယင်းနေရာ၌ အစားထိုးရန်ဖြစ်သည်။

"ရတနာ" သဘာဝဓါတ်ငွေ့စီမံကိန်းကို အဓိကတာဝန်ယူလုပ်ကိုင်သည့် ပြင်သစ်ကုမ္ပဏီ Total သည် A-6 လုပ်ကွက်တွင်လည်း Woodside ကုမ္ပဏီကဲ့သို့ ရှယ်ယာ (၄၀%) ကို ပိုင်ဆိုင်သည်။ A-6 မှ ထွက်ရှိသည့် သဘာဝဓါတ်ငွေ့၏ (၂၅%) ကို သာလျှင် မြန်မာပြည်တွင်း၌ သုံးစွဲမည်ဖြစ်ပြီး " ရတာနာစီမံကိန်း " မှ ရန်ကုန်သို့ သွယ်တန်းထားပြီးသော ပိုက်လိုင်းမှ တစ်ဆင့် ပို့ဆောင်မည်ဖြစ်သည်။ AD-7 လုပ်ကွက်မှ ထုတ်ယူရရှိသည့် သဘာဝဓါတ်ငွေ့များကို " ရွှေသဘာဝဓါတ်ငွေ့ ပိုက်လိုင်း" မှ တစ်ဆင့် တရုတ်နိုင်ငံသို့ တင်ပို့ရောင်းချရန် အလားအလာရှိကြောင်း Woodside ကုမ္ပဏီမှ အရိပ်အမြွက် ပြောဆိုခဲ့သည်။ [16]



## ဗဟိုချုပ်ကိုင်မှုလွန်ကဲပြီး တရားမျှတမှုမရှိသော စီမံကိန်းများက ပဋိပက္ခကို ကြီးထွား လာစေခြင်း




ရခိုင်ပြည်နယ်သည် မြန်မာတစ်နိုင်ငံလုံး၏ စွမ်းအင်တူးဖော်ထုတ်လုပ်မှုမှ ရရှိသော အခွန်ဘဏ္ဍာငွေ၏ အရင်းအမြစ်ဖြစ်သည်။ သို့ရာတွင် တရားဝင်ထုတ်ပြန်ချက်များအရ ရခိုင်ပြည်နယ်သည် ဆင်းရဲမွဲတေမှုနှုန်း (၄၁.၆ %) ဖြင့် မြန်မာနိုင်ငံ၏ ဒုတိယအဆင်းရဲဆုံး ပြည်နယ်ဖြစ်နေသည်။ ယင်းသည် မြန်မာတစ်နိုင်ငံလုံး၏ ပျမ်းမျှဆင်းရဲမွဲတေမှုနှုန်းဖြစ်သည့် (၂၄.၈%)၏ နှစ်ဆမျှရှိနေသည့်အပြင် လျှပ်စစ်သုံးစွဲမှုနှုန်းမှာလည်း တစ်နိုင်ငံလုံးတွင် အနည်းဆုံးဖြစ်သည်။

ရခိုင်ပြည်နယ်အစိုးရတွင် မိမိပြည်နယ်၏ သဘာဝသယံဇာတရင်းမြစ်များအပေါ် ပိုင်ဆိုင်ခွင့်၊ ထိန်းချုပ်ခွင့်၊ စီမံခန့်ခွဲပိုင်ခွင့်များနှင့် မိမိပြည်နယ်အတွက် ဖွံ့ဖြိုးတိုးတက်ရေး အစီအမံများကို လုပ်ဆောင် နိုင်ရန် နိုင်ငံရေးအရ လုပ်ပိုင်ခွင့်မရှိပေ။ ယင်းသည် ဗဟိုချုပ်ကိုင်မှုဦးစားပေးပြီး စစ်တပ်ကြီးစိုးသော ဖွဲ့စည်းပုံအခြေခံဥပဒေ၏ ဆိုးကျိုးရလဒ်တစ်ခုဖြစ်သည်။ ယင်းမညီမျှမှုများက ရခိုင်ပြည်သူပြည်သားများအား ခိုကိုးရာမဲ့သော ဆင်းရဲမွဲတည်သည့်ဘဝသို့ ကျရောက်စေလျက်၊ လက်ရှိဖြစ်ပွားနေသော ပဋိပက္ခမီးတောက်ကို ပိုမိုတောင်လောင်စေခဲ့သည်။

မြန်မာဗဟိုအစိုးရသည် ယင်းမညီမျှမှုများနှင့် အာဏာခွဲဝေလျှော့ချပေးရန် တိုင်းရင်းသားများ၏ တောင်းဆိုမှုများအား မျက်ကွယ်ပြုခဲ့သည့်သာမက ကမ္ဘာ့ဘဏ်စသည့် နိုင်ငံတကာအဖွဲ့အစည်းများမှ ရရှိသော ထောက်ပံ့ငွေများ၊ ချေးငွေများအား ပြည်မဒေသဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများကိုသာ အထူးဦးစားပေးလုပ်ဆောင်လျက်ရှိသည်။

ထိုကဲ့သို့ ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းများကို ဗဟိုအစိုးရက ထိန်းချုပ်စီမံနေသည့်အတွက် နိုင်ငံတကာ အကူအညီအထောက်အပံ့များသည် ဗဟိုချုပ်ကိုင်စိုးမိုးမှုကို အားပေးအားမြှောက်ပြုနေရာ ရောက်သည့်အပြင် ယင်းသည် မြန်မာနိုင်ငံတွင် ပြည်တွင်းစစ် ဖြစ်ပွားရခြင်း၏ မူလဘူတ အကြောင်းအရင်းတစ်ခုဖြစ်ပြီး၊ ပြည်တွင်းပဋိပက္ခများကို သက်ဆိုးရှည်စေသည်။

မြန်မာအစိုးရသည် Covid-19 ကပ်ရောဂါကြောင့် ပေါ်ပေါက်လာသည့် အခွင့်အရေးကို လက်မလွှတ်တမ်း အသုံးချပြီး "Covid-19" ကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေးသက်ရောက်မှုများအပေါ် ကုစားရေးစီမံချက် (CERP) အတွက် အမေရိကန်ဒေါ်လာ (၂) ဘီလီယံ လိုအပ်ကြောင်း ထုတ်ပြန်ခဲ့သည်။

ယင်းအပေါ် နိုင်ငံတကာငွေကြေးအဖွဲ့အစည်း (IMF) ကမ္ဘာ့ဘဏ်နှင့် ဂျပန်နိုင်ငံမှ (JICA) ကဲ့သို့ အဖွဲ့အစည်းများက ချေးငွေပုံစံဖြင့် ထုတ်ချေးမည်ဖြစ်ကြောင်း တုန့်ပြန်ခဲ့သည့်အတွက် ယင်းချေးငွေကို လာမည့်မျိုးဆက်သစ်များက ပြန်လည် ပေးဆပ်ရတော့မည်ဖြစ်သည်။ CERP သည် နိုင်ငံတကာမှ ရင်းနှီးမြှုပ်နှံမည့် စီမံကိန်းများအား အလျင်အမြန်ပင် အနံ့ခံကာ ခြေရာကောက်လျက်ရှိနေသည်။ သို့ရာတွင် ယင်းတို့သည် ပြည်တွင်းပဋိပက္ခများကို အရှိန်အဟုန်မြှင့်တက်စေရန်အတွက် တွန်းအား၊ ဖိအားများသာဖြစ်နေသည်။

မူလအစီအစဉ်အားဖြင့် မြန်မာအစိုးရသည် ၂၀၁၉ ခုနှစ်တွင် ရေနံနှင့်သဘာဝဓါတ်ငွေ့ဆိုင်ရာ နောက်ထပ်ရှာဖွေမှုများ အတွက် တင်ဒါခေါ်ယူရန်ရှိသော်လည်း ရေနံဥပဒေကြမ်းအသစ် (The Exploration Prospecting Development and Production Petroleum Bill) အတွက် မူကြမ်းရေးဆွဲရာတွင် နှောင့်နှေးကြန့်ကြာနေမှုနှင့် Covid-19 ကပ်ရောဂါ ဖြစ်ပွားလာ မှုများကြောင့် ၂၀၂၁ ခုနှစ်သို့ ရွှေ့ဆိုင်းလိုက်ခြင်းဖြစ်နိုင်သည်။

လက်ရှိတင်သွင်းမည့် ဥပဒေမူကြမ်းအရဆိုလျှင် မြန်မာ့ရေနံနှင့် သဘာဝဓါတ်ငွေ့လုပ်ငန်း (MOGE) သည် ၎င်း၏ စီမံခန့်ခွဲ ပိုင်ခွင့်များနှင့် ဘဏ္ဍာငွေဆိုင်ရာလုပ်ပိုင်ခွင့်များကို မိခင်ဝန်ကြီးဌာနဖြစ်သည့် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန (MOEE) သို့ လွှဲပြောင်းပေးရဖွယ်ရှိနေသည်။ MOEE သည် အခွန်ဘဏ္ဍာကိစ္စရပ်များကို ပိုမိုပွင့်လင်းမြင်သာရှိလာရန် အားထုတ်ဖွယ်ရှိနေသည့်တိုင် ရေနံနှင့် သဘာဝဓါတ်ငွေ့အခန်းကဏ္ဍတွင် ဗဟိုချုပ်ကိုင်မှုကို ပိုမိုခိုင်မာ တင်းကျပ်လာစေမည်ဖြစ်သည်။

## တရုတ်၏ ကုန်သွယ်ရေးဗဟိုချက်ဖြစ်လာမည့် ရခိုင်ဒေသ

တရုတ်ရင်းနှီးမြှုပ်နှံမှုများသည် ရွှေသဘာဝဓါတ်ငွေ့ပိုက်လိုင်းဖြင့် တပ်ဦးပြုကာ ကျောက်ဖြူဒေသကို ဗဟိုပြုလျက် ရခိုင်ပြည် ထဲသို့ ကုန်သွယ်ရေးထိုးစစ်ပြုလာသည်။ ကျောက်ဖြူတွင် ရေနံပိုက်လိုင်း၊ ရေနက်ဆိပ်ကမ်းနှင့် ရေနံပို့လွှတ်ဂိတ်တို့ကို တည်ဆောက်ပြီးစီး၍ နောက်ထပ်ရေနက်ဆိပ်ကမ်းသစ်များနှင့် အထူးစီးပွားရေးဇုံတို့ကို ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ယင်းစီမံကိန်းများအားလုံးကို တရုတ်နိုင်ငံမှ ထိန်းချုပ်ထားသည်။

၂၀၁၇ ခုနှစ်နှောင်းပိုင်းကပင် အရှေ့အလယ်ပိုင်းဒေသ (အထူးသဖြင့် ဆော်ဒီအာရေဗီးယား)မှ ရေနံ များကို တရုတ်နိုင်ငံ ယူနန်ပြည်နယ်သို့ ကျောက်ဖြူရေနက်ဆိပ်ကမ်းမှတစ်ဆင့် ပို့ဆောင်နိုင်ရန် ရွှေသဘာဝ ဓါတ်ငွေ့ပိုက်လိုင်းနှင့် ယှဉ်လျက် ရေနံပိုက်လိုင်းကိုတည်ဆောက်ပြီးဖြစ်သည်။

ကျောက်ဖြူရေနက်ဆိပ်ကမ်းနှင့် ရေနံလက်ခံပို့ဆောင်ရေးဂိတ် (oil terminal) များမှာ မဒေးကျွန်းမှ တောင်သူလယ်သမားများ၏ ဘိုးစဉ်ဘောင်ဆက်လုပ်ကိုင်စားသောက်လာခဲ့ကြသော မြေယာများ၌တည် ဆောက်ထားခြင်းဖြစ်သည်။ ထို့အပြင် အပတ်စဉ်ဝင်ရောက်နေကြသော မီတာ (၃၃၀) ရှည်လျားပြီး ရေနံတန်ချိန် (၃၂၀၀၀၀) ပါသည့် ရေနံတင်သင်္ဘောကြီးများက ဒေသခံများ၏ ငါးသယံဇာတ ကြွယ်ဝလှသော ငါးဖမ်းကွက်များကို ပျက်စီးစေသည်။ ရေပြင်ညစ်ညမ်းခြင်းနှင့် တွေ့ကြုံကြရနိုင်သည့် ရေနံဖိတ်စင်မှုများက ပတ်ဝန်းကျင်ရှိ ကျယ်ပြားလှသည့် လမုတောကြီးများနှင့် 'အပင်နှင့်သက်ရှိဇီဝမျိုးစုံမျိုးကွဲများအတွက် အသက်သွေးကြောဖြစ်သည့်' ဝမ်ဘောက်လမုတောကြီးများကိုပါ ထပ်မံခြိမ်းခြောက်နေပြန်သည်။[17] ဝမ်ဘောက်လမုတောကြီးသည် International Union for Conservation of Nature (IUCN) မှ မျိုးပြုတ်မည့်အန္တရာယ်ရှိနေသည့် မျိုးစိတ်များဟု အသိအမှတ်ပြုထားသည့် ပင်လယ်လိပ်ကြီးများနှင့်လမုတောရေချိုလိပ်ငယ်များအတွက် အဓိကကျက်စားနေထိုင်ရာနေရာဖြစ်သည်။ [18]

ဒေသခံပြည်သူများအတွက် အမျိုးမျိုးသော ဆိုးကျိုးများကိုသာ ရရှိစေသည့်တိုင်၊ ၄င်းရေနံဖြတ်သန်းခအတွက် နေပြည်တော် အစိုးရမှ ရရှိသော အခွန်ငွေမှာ နည်းပါးလှသည်။ ၂၀၁၉ ခုနှစ်တွင် မြန်မာအစိုးရသည် ရေနံဖြတ်သန်းခအဖြစ် အမေရိကန် ဒေါ်လာ (၂၄.၃) သန်းသာရရှိခဲ့ရာ ယင်းမှာ မြန်မာပြည်ကို ဖြတ်သန်းသွားသော ရေနံတန်ဖိုးဖြစ်သည်။ အမေရိကန်ဒေါ်လာ (၅.၅) ဘီလီယံ၏ (၀.၅%) မျှသာရှိသည်။ [19]

ကျောက်ဖြူရေနက်ဆိပ်ကမ်းသစ်နှင့် ကျောက်ဖြူအထူးစီးပွားရေးဇုံ စီမံကိန်းများအား "(BRI)"၏ အဓိကဒေါက်တိုင်များ (၃) ခု ထဲမှ တစ်ခုအဖြစ် တရုတ်က သတ်မှတ်ထားသည်။ ယင်းစီမံကိန်းများကို အကောင်အထည်ဖော်ရန်အတွက်လည်း မြန်မာအစိုးရနှင့် တရုတ်၏ (CITIC) ကော်ပိုရေးရှင်းသည် ၂၀၁၅ ခု နှစ်ကုန်ပိုင်းနှင့် ၂၀၂၀ ခုနှစ် အစောပိုင်းကာလအတွင်းက သဘောတူညီမှုများစွာ ရယူထားပြီးဖြစ်သည်။

၂၀၂၀ ခုနှစ် ဖေဖေါ်ဝါရီလတွင် မြန်မာနိုင်ငံ ကုန်သွယ်ရေး ဒု-ဝန်ကြီး ဦးအောင်ထူးက အနာဂတ်တွင် ချုပ်ဆိုလာမည့် စီမံကိန်းသစ်များအပါအဝင် CITIC ၏ စီမံကိန်းကြီးတစ်ခုလုံးသည် အမေရိကန်ဒေါ်လာ ဘီလီယံ (၃၀) ခန့် တန်ကြေးရှိကြောင်း ပြည်ထောင်စုလွှတ်တော်သို့ အစီရင်ခံခဲ့သည်။

စီမံကိန်းပထမအဆင့်၌ ဧကပေါင်း (၄၃၀၀) ကျော် အသုံးပြုမည်ဖြစ်သည်။ ၄င်းတွင် စက်ရုံအလုပ်ရုံအတွက် ဧကပေါင်း (၂၅၀၀) ၊ ရေနက်ဆိပ်ကမ်းသစ် (၂) ခုအတွက် ဧကပေါင်း (၆၀၀) နှင့် လူနေအိမ်ရာများအတွက် ဧကပေါင်း (၁၂၀၀) ကို သုံးစွဲမည်ဖြစ်သည်။ ကနဦး ရင်းနှီးမြှုပ်နှံမှုအဖြစ် အမေရိကန်ဒေါ်လာ (၁.၃) ဘီလီယံအား မဒေးကျွန်း၏ မြောက်ဖက်ရှိ ဒီရေတောများနှင့် ငါးသယံဇာတအလွန်ကြွယ်ဝသည့် ငါးဖမ်းကွက်နေရာများတွင် ရေနက်ဆိပ်ကမ်းသစ်ကို စတင်တည်ဆောက် ရာ၌ အသုံးပြုမည်ဖြစ်သည်။ [20]

တရုတ် - မြန်မာ ကုန်သွယ်ရေး စင်္ကြံလမ်း၏ တစ်စိတ်တစ်ဒေသအဖြစ် ကျောက်ဖြူမှ နေပြည်တော်နှင့် မန္တလေးကိုဖြတ်ကာတရုတ်ပြည်သို့ဆက်သွယ်ဖောက်လုပ်မည့်ရထားလမ်းနှင့်အဝေးပြေးလမ်းစီမံကိန်းများကို ရနိုင်သမျှသော လေ့လာမှုများ ကို စတင်လုပ်ဆောင်နေပြီဖြစ်သည်။

## Covid-19 ကပ်ရောဂါ ဖြစ်ပွားနေသော်လည်း ရေနံတင်သင်္ဘောကြီးများ ကျောက်ဖြူသို့ အဆက်မပြတ် ဆိုက်ရောက်နေကြခြင်း

မြန်မာအစိုးရသည် Covid-19 ရောဂါပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ရန် ၂၀၂၀ ခုနှစ် မတ်လ (၃၀) ရက်နေ့တွင် နိုင်ငံတကာခရီးသည်တင် လေကြောင်းလိုင်းများ ဆင်းသက်ခွင့်ကို ရပ်ဆိုင်းလိုက်သည်။ သို့ရာတွင် တရုတ်ပြည်

အတွက် အရှေ့အလယ်ပိုင်းမှ ရေနံများတင်ဆောင်လာသော တရုတ်ရေနံတင် သင်္ဘောကြီးများသည် ကျောက်ဖြူ မဒေးဆိပ်ကမ်းသို့ ယခင်အတိုင်း ဆိုက်ကပ်မြဲ ဆိုက်ကပ်ကာ ကုန်ချနေခဲ့သည်။ ဧပြီလနှင့် မေလ အတွင်း၌ ရေနံတင်သင်္ဘော (၆) စီးအထိ ဆိပ်ကပ်ကာ ကုန်ချခဲ့ပြီး တစ်စီး လျှင် (၂) ရက်မှ (၃) ရက်အထိ ကြာမြင့်သည်။

ရေနံတင်သင်္ဘောအများစုသည် ဆော်ဒီအာရေးဗီးယားနိုင်ငံ၏ ဆိပ်ကမ်းများဖြစ်သည့် Ju'aymah ၊ Ras Tanura တို့နှင့် ကူဝိတ်နိုင်ငံ၏ Mina'Al Ahmadi ဆိပ်ကမ်းများမှ ရေနံများတင်ဆောင်ကာ ကျောက်ဖြူ မဒေးရေနက်ဆိပ်ကမ်းသို့ အကြိမ် ကြိမ် ကူးသန်းနေခဲ့သည်။ ၎င်းနှစ်နိုင်ငံသည် Covid-19 ရောဂါကူးစက်မှုနှုန်း၌ မြန်မာနိုင်ငံတွင် ကူးစက်ခံရသည့်လူနာ (၃၀၆) ဦး ထက်မြင့်မားပြီး ဇွန်လ (၁၂) ရက် စာရင်းအရ ဆော်ဒီအာရေးဗီးယား နိုင်ငံ၌ ရောဂါကူးစက်ခံရသူ (၁၉၇၀၀၀) နှင့် ကူဝိတ်နိုင်ငံ၌ (၄၈၀၀၀) ရှိသည်။ [21]

မဒေးကျွန်းရေနက်ဆိပ်ကမ်း၌ အလုပ်သမားများ (၄၀၀) ခန့်ရှိရာ အများစုမှာ တရုတ်နိုင်ငံသားများဖြစ်ကြပြီး ကျောက်ဖြူမြို့သို့ အပတ်စဉ် အုပ်စုလိုက် ဈေးဝယ်ထွက်လေ့ရှိသည်။ ကျောက်ဖြူတွင် ရေနက်ဆိပ်ကမ်းနှင့် သဘာဝဓါတ်ငွေ့စတင်ပို့လွှတ် ရာဂိတ်များကို ဆောက်လုပ်နေစဉ်ကတည်းက မှောင်ခိုပြည့်တန်ဆာ ဈေးကွက် ပေါ်ပေါက်လာခဲ့သည်။ Covid-19 ရောဂါ အန္တရာယ်ခြိမ်းခြောက်မှုများရှိနေသည့်တိုင် ဒေသခံအမျိုးသမီးများမှာ မဒေးကျွန်းရေနက်ဆိပ်ကမ်းသို့ အလုပ်ဆင်းကြဆဲပင်ဖြစ်သည်။

ကျောက်ဖြူတွင် Covid-19 ကူးစက်ခံရသူ ယခုအချိန်ထိ မရှိသေးသော်ငြားလည်း ဒေသအုပ်ချုပ်ရေးအာဏာ ပိုင်အဖွဲ့၏ စည်းမျဉ်းစည်းကမ်းများမှာလည်း မပြတ်မ သားရှိသည့်အတွက် ရေနံတင်သင်္ဘောများ ပုံမှန် ဆိုက်ကပ်ကာ ကုန်ချနေသည့်အပေါ် Covid-19 ရောဂါပျံ့ နှံ့ကူးစက်လာမည်ကို ဒေသနေလူထုမှ စိုးရိမ်မှုမြင့်တက် လျက်ရှိသည်။



ဒေသခံတက်ကြွလှုပ်ရှားသူများက ကမ္ဘာ့အနှံ့တွင် ဖြစ်ပွားနေသော Covid-19 ကာလတွင် ကျောက် ဖြူမြို့နယ် မဒေးကျွန်းရေနက်ဆိပ် ကမ်းသို့ ဝင်ရောက်လာသည့် တရုတ်ရေနံတင်သင်္ဘောအား ကန့် ကွက်ဆန္ဒပြနေစဉ် *(Photo: Myo Lwin)*

ဧပြီလ (၇) ရက်နေ့တွင် ရေနံတင်သင်္ဘောများ အဆက် မပြတ် ဆိုက်ရောက်နေမှုအပေါ် Covid-19 ရောဂါပျံ့ နှံ့ကူးစက်မည်ကို လူထုက စိုးရိမ်ပူပန်ကြောင်းထုတ်ဖော် ပြသည့် ကန့်ကွက်ပွဲ အသေးစားတစ်ခုကိုပြုလုပ်ခဲ့သည်။ စိုးရိမ်ပူပန်နေသော လူထုကို လက်ရှိအခြေအနေသတင်း အချက်အလက်များကို ရှင်းလင်းပြောပြခြင်းမပြုလုပ်ဘဲ လူထုစိုးရိမ်ကြောင့်ကြမှုကိုဖော်ပြရန်ဦးဆောင်ခဲ့သူများကို ဒေသအာဏာပိုင်များက တရားစွဲဆိုခဲ့သည်။



*China's an Oil tanker docks at the Maday Oil port, Kyauk Phyu. (Photo : AOW)*

# INFRA-STRUCTURE DEVELOPMENT PROJECTS IN ARAKAN STATE



## အိန္ဒိယ၏ကုန်သွယ်းရေ ဗဟိုချက်ဖြစ်လာမည့် ရခိုင်ဒေသ

ပထဝီနိုင်ငံရေးအရ ရခိုင်ဒေသအား ထိန်းချုပ်နိုင်ရန် ယှဉ်ပြိုင်ကြိုးပမ်းကြရာ၌ တရုတ်သည် အိန္ဒိယအား ခြေတစ်လှမ်းအသာဖြင့် နောက်ချန်ထားနိုင်ခဲ့သည်။

မူလက ရွှေသဘာဂဓါတ်ငွေ့ပိုက်လိုင်းအား အိန္ဒိယနိုင်ငံသို့ သွယ်တန်းရန်ဖြစ်သည်။ သို့ရာတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီခေတ်၊ ၂၀၀၇ ခုနှစ် ဇန္နဝါရီလတွင် ကုလသမဂ္ဂလုံခြုံရေးကောင်စီအစည်းအဝေး၌ မြန်မာနိုင်ငံအပေါ် အရေးယူဆောင်ရွက်ရန်အဆိုအား တရုတ်က ဗီတိုအာဏာနှင့် ပယ်ချ၍ ကာကွယ်ပေးပြီးသည့်နောက် တရုတ်သည် MOU ထိုးခွင့်ရခဲ့၏။ [22] အိန္ဒိယသည် ရွှေသဘာဂဓါတ်ငွေ့စီမံကိန်းတွင် (၂၅%) ရှယ်ယာပိုင်ဆိုင်ထားသည့်အပြင် ကုလားတန်စီမံကိန်း (kaladan Multi-Modal Transit Transport Project) ကို အာရုံစိုက်လာခဲ့သည်။ ယင်းစီမံကိန်းမှာ စစ်တွေတွင် အမေရိကန်ဒေါ်လာ (၄၈၄) သန်း တန်ဖိုးရှိသော ရေနက်ဆိပ်ကမ်းကိုတည်ဆောက်ကာ ကာလ ကတ္တားသို့ ပင်လယ်ရေကြောင်းမှ



*အိန္ဒိယ၏ ကုလားတန်စီမံကိန်း တစိတ်တပိုင်းဖြစ်သော စစ်တွေရေနက်ဆိပ်ကမ်းစီမံကိန်း (Photo: AOW)*

ဆက်သွယ်ရန်ဖြစ်သည်။ ၎င်းပြင် ကုလားတန်မြစ်ကြောင်းမှတစ်ဆင့် ကုန်းလမ်းကြောင်းဖြင့် စစ်တွေနှင့်အိန္ဒိယအရှေ့မြောက်ပြည်နယ်ဖြစ်သော မီဇိုရမ်သို့ ဆက်သွယ်ရန်ဖြစ်သည်။[23]

စစ်တွေရေနက်ဆိပ်ကမ်း၊ ကုလားတန်မြစ်အတွင်း သောင်တူးခြင်းနှင့် ပလက်ဝတွင် ဆိပ်ကမ်းတစ်ခု တည်ဆောက်ခြင်းတို့ကို ဆောင်ရွက်ပြီးစီး၍ ပလက်ဝမှ အိန္ဒိယနယ်စပ်ရှိ Zorinpui သို့ ဆက်သွယ်မည့် ကုန်းလမ်းကြောင်းသာ ဆောက်လုပ်ဆဲ ဖြစ်သည်။ စီမံကိန်းတစ်ခုလုံးမှာ ၂၀၂၀ ခုနှစ်တွင် အပြီးသတ်ရန်ဖြစ်သော်လည်း ရခိုင့်တပ်တော် (AA) နှင့် မြန်မာ့တပ်မတော် တို့အကြား ကုလားတန်မြစ်ကြောင်းတစ်လျှောက် တိုက်ပွဲပြင်းထန်လာသည့်အတွက် လမ်းဖောက်လုပ်ခြင်းမှာ လုံးဝဥသုံ နီးပါး ရပ်ဆိုင်းခဲ့ရသည်။ ၂၀၁၉ ခုနှစ် နိုဝင်ဘာလတွင် ရခိုင့်တပ်တော် (AA) သည် ကုလားတန်စီမံကိန်းအတွက် ဆောက်လုပ်ရေးကုန်ကြမ်းပစ္စည်းများ သယ်ဆောင်လာသော စက်လှေတစ်စီးအား ကြားဖြတ်တိုက်ခိုက်ကာ အိန္ဒိယလူမျိုး ကုမ္ပဏီဝန်ထမ်း (၅) ဦးအပါအဝင် လူ (၁၀) ဦးအား ဖမ်းဆီးခေါ်ဆောင်သွားခဲ့သည်။ အိန္ဒိယကုမ္ပဏီဝန်ထမ်းများ ပြန်မလွှတ်မီ တစ်ရက်အလိုတွင် တစ်ဦးမှာ ဖမ်းဆီးခံထားရစဉ်အတွင်း၌ နှလုံးရောဂါဖြင့် သေဆုံးခဲ့ရသည်။ [24]

## ဗဟိုချုပ်ကိုင်စိုးမိုးအုပ်ချုပ်မှုက ပဋိပက္ခမီးတောက်ကို ပိုမိုတောက် လောင်စေခြင်း

ကျောက်ဖြူတွင် သဘာဝဓါတ်ငွေ့တူးဖော်ထုတ်လုပ်ခြင်းနှင့် အခြားသော ရင်းနှီးမြှုပ်နှံမှုစီမံကိန်းများက ဗဟို အစိုးရအား အခွန်ဘဏ္ဍာအဖြစ် အမေရိကန်ဒေါ်လာ ဘီလီယံပေါင်းများစွာရရှိစေခဲ့သော်လည်း ရခိုင်ပြည် နယ်အစိုးရနှင့် ရခိုင်ပြည်သူလူထုသည် ဖော်ပြပါစီမံကိန်းများအား တစ်စုံတစ်ရာ ဝင်ရောက်ဆုံးဖြတ် ပိုင်ခွင့် မရှိပေ။ ရလဒ်အနေဖြင့် ရခိုင်ပြည်သူလူထုမှာ မိရိုးဖလာ လုပ်ကိုင်စားသောက်လာသော လယ်ယာများ၊ ငါးဖမ်း ကွက်များကို လျော်ကြေးအနည်းငယ် သို့မဟုတ် လျော်ကြေးလုံးဝမရရှိဘဲ ဆုံးရှုံးရခြင်း၊ နိုင်ငံခြားကုမ္ပဏီများ၊ ဒေသအာဏာပိုင်များနှင့် ပဋိပက္ခဖြစ်ပွားရခြင်းများသာ အဖတ်တင်ရရှိခဲ့သည်။

မြန်မာနိုင်ငံတွင် ပြည်တွင်းစစ်ဖြစ်ပွားရခြင်း၏ အခြေခံအကျဆုံးသောအချက်တစ်ချက်မှာ ဗဟိုချုပ်ကိုင်မှုကို လွန်ကဲစွာ အသားပေးထားသော ၂၀၀၈ ခုနှစ် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဖြစ်သည်။ ရခိုင်ပြည်သူလူ ထုသည် အခြားသော တိုင်းရင်းသားများနှင့်အတူ ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုဖြစ်လာရန်အတွက် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ကို တောင်းဆိုလာခဲ့ကြသည်မှာ ဆယ်စုနှစ်များစွာ ရှိခဲ့ပြီးဖြစ်သည်။

**၂၀၀၈ ခုနှစ် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ (၃၇) တွင် ၃၇ ..**

(က) နိုင်ငံတော်သည် နိုင်ငံတော်ရှိ မြေအားလုံး၊ မြေပေါ်မြေအောက်၊ ရေပေါ်ရေအောက်နှင့် လေထု အတွင်းရှိ သယံဇာတပစ္စည်းအားလုံး၏ ပင်ရင်းပိုင်ရှင်ဖြစ်သည်။

(ခ) နိုင်ငံတော်သည် နိုင်ငံပိုင် သယံဇာတပစ္စည်းများအား စီးပွားရေးအင်အားစုများက ထုတ်ယူ သုံးစွဲခြင်းကို ကွပ်ကဲကြီးကြပ်နိုင်ရန် လိုအပ်သည့် ဥပဒေပြဋ္ဌာန်းရမည်။

ဟုပြဋ္ဌာန်းထားရာ - ယင်းသည် ဗစိုအစိုးရအား နိုင်ငံတွင်းရှိ မြေအားလုံးနှင့် သဘာဝသယံဇာတ အားလုံးအား အပြည့်အဝပိုင်ဆိုင်ပြီး အပြည့်အဝထိန်းချုပ်ပိုင်ခွင့်နှင့် စီမံခန့်ခွဲပိုင်ခွင့်တို့ကို ပေးအပ်လိုက်သည့်အပြင် ယင်းတို့ နှင့် ပတ်သက်၍ ဥပဒေပြဋ္ဌာန်းပိုင်ခွင့်၊ အခွန်ကောက်ခံပိုင်ခွင့်၊ ရောင်းချပိုင်ခွင့်နှင့် ဆုံးဖြတ်ပိုင်ခွင့်စသည့် လုပ်ပိုင်ခွင့်အားလုံးကို ရယူထားခြင်းဖြစ်သည်။ ဤကဲ့သို့ ဗဟိုအစိုးရ၏ အလွန်အမင်းချုပ်ကိုင်ထားမှုသည် တရားမျှတမှုကြီးစွာကင်းမဲ့ခြင်း၊ တန်းတူညီမျှမှု လုံးဝမရှိခြင်းနှင့် လက်နက်စွဲကိုင်ပဋိပက္ခများ၊ အကြမ်းဖက်မှု များဖြစ်ပွားရခြင်းဟူသည့် သံသရာကိုသာ ဆက်လက်လည်ပတ်စေအောင် မီးထိုးပေးနေခဲ့သည်။ ထို့ပြင် တိုင်းပြည်အနာဂတ်မျိုးဆက်သစ်များအတွက် အမှန်တကယ်ခိုင်လုံသော စီးပွားရေးအခြေခံအရင်း အမြစ်ဖြစ် လာနိုင်သော ပြန်လည်အစားထိုးမရရှိနိုင်သည့် သဘာဝသယံဇာတများ လျော့ပါးကုန်ခမ်းလာစေရန်သာ ဖြစ် ပေါ်စေမည်ဖြစ်သည်။



## မြေယာနှင့်သဘာဝသယံဇာတများအပေါ် ရခိုင်ပြည်သူလူထု၏ ရပ်တည်ချက် သဘောထား

ရခိုင်လူမှုအသိုင်းအဝိုင်းတစ်ခုလုံးမှ နိုင်ငံရေးနှင့် အရပ်ဖက်ခေါင်းဆောင်များသည် ဖက်ဒရယ်ပြည်ထောင်စုအုပ်ချုပ်မှုဘောင်အတွင်း မိမိတို့၏ သဘာဝသယံဇာတများကို မိမိတို့ပိုင်ဆိုင်ခွင့်၊ ထိန်းချုပ်ခွင့်နှင့် စီမံပိုင်ခွင့်တို့ကို ပြတ်ပြတ်သားသား ဆုံးဖြတ်တောင်းဆိုခဲ့ကြသည်။ ရခိုင့်လက်နက်ကိုင်အဖွဲ့အစည်းများသည်လည်း ယင်းသဘောထားရပ်တည်ချက်အတိုင်းပင် ထုတ်ပြန်ချက်များ ထုတ်ပြန်၍လည်းကောင်း၊ ဗဟိုအစိုးရ၊ အစိုးရစစ်တပ်များနှင့် နိုင်ငံရေးဆွေးနွေးပွဲများတွင်လည်းကောင်း တောင်းဆိုခဲ့ကြသည်။ ရခိုင့်နိုင်ငံရေးပါတီ များသည်လည်း ယင်းတို့ကို လွှတ်တော်နှင့် လူထုဆွေးနွေးပွဲများတွင် တောင်းဆိုခဲ့ကြသည်။ အရပ်ဖက်အဖွဲ့အစည်းများနှင့် စီမံကိန်းနယ်မြေမှ ပြည်သူလူထုများသည်လည်း စနစ်တကျ သုတေသနနှင့် ချွဲခြမ်းစိတ်ဖြာလေ့လာသုံးသပ်ထားသော အစီရင်ခံစာများ ထုတ်ဝေခြင်းများ၊ လူထုဆန္ဒထုတ်ဖော်ခြင်းများ၊ လက်မှတ်ကောက်ခံခြင်းများ၊ အိပ်ဖွင့်ပေးစာများ ပေးပို့တင်သွင်းခြင်းများကို ပြုလုပ်ကာ မိမိတို့ရပိုင်ခွင့်များကို တောင်းဆိုခဲ့ကြသည်။

အရပ်ဖက်အဖွဲ့အစည်းများနှင့် စီမံကိန်းနယ်မြေမှ ပြည်သူလူထုများသည်လည်း သုတေသနနှင့် ချွဲခြမ်းစိပ်ဖြာသည့် အစီရင်ခံစာများ ထုတ်ဝေခြင်းများ၊ လူထုဆန္ဒထုတ်ဝေခြင်းများနှင့် အသားနားခံစာများ တင်သွင်းခြင်းများကို ပြုလုပ်ကာ မိမိတို့ရပိုင်ခွင့်များကို တောင်း ဆိုခဲ့ကြသည်။

အောက်ဖော်ပြပါများမှာ ရခိုင်အရေးဦးဆောင်ပါ ဝင်သူများ၏ သဘော ထားရပ်တည် ချက်များကို ကောက်နှုတ်တင်ပြထားခြင်းဖြစ်သည်။

### ရခိုင်အမျိုးသားပါတီ (ANP)



၂၀၁၆ ခုနှစ် စက်တင်ဘာ (၁) ရက်နေ့တွင် ၂၁ ရာစုပင်လုံညီလာခံသို့ ရခိုင်အမျိုးသားပါတီမှ တင်သွင်းသည့် စာတမ်းအား ဒေါက်တာ အေးမောင်မှ ဖတ်ကြားစဉ်

- သဘာဝသယံဇာတများ အားလုံးကို ထိုသဘာဝသယံဇာ တများတည်ရှိရာ သက်ဆိုင်ရာအမျိုးသားပြည်နယ်များက ပိုင်ဆိုင်သည်။ သက်ဆိုင်ရာအမျိုးသားပြည်နယ်များက စီမံထိန်းချုပ်ကွပ်ကဲခွင့်ရှိသည်။

- သက်ဆိုင်ရာအမျိုးသားပြည်နယ်သည် မိမိ၏ သဘာဝသယံ ဇာတများအား ထုတ်ယူသုံးစွဲပိုင်ခွင့်၊ ထိန်းချုပ်စီမံပိုင်ခွင့်ရှိသည့်အပြင်၊ သယံဇာတဝင်ငွေများကို ကိုင်တွယ်ပြီး ဖက်ဒရယ်အစိုးရသို့ ခွဲဝေပေးခြင်းကို သက်ဆိုင်ရာအမျိုးသား ပြည်နယ်က ကိုင်တွယ်လုပ်ဆောင်ရမည်။

(၂၀၁၆ ခုနှစ် စက်တင်တာ ၁ ရက် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ (၂၁ ရာစုပင်လုံညီလာခံ)သို့ တင်သွင်းသည့် အကြံပြုစာတမ်းမှ ကောက်နုတ်တင်ပြသည်။)

### ရခိုင်ပြည်လွတ်မြောက်ရေးပါတီ (ALP)

- ပြည်နယ်အတွင်း မြေယာပိုင်ဆိုင်မှုနှင့် မြေယာစီမံခန့်ခွဲမှုတွင် ဗဟိုချုပ်ကိုင်မှုမရှိသော တရားဝင် မူဘောင်အဖြစ် ပြည်နယ်သားများ၏ ရိုးရာဓလေ့ထုံးတမ်းနှင့် လိုက်လျောညီထွေသည့် မူဝါဒများ၊ ဥပဒေများ ဖြစ်စေပြီး ရိုးရာဓလေ့ထုံးတမ်းအရ မြေယာပိုင်ဆိုင်သည့် စာရွက်စာတမ်းများသည် မြေပေါ် မြေအောက် အရင်းအမြစ်များ အပါအဝင်ဖြစ်စေရန်။

- ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု အဖွဲ့ဝင်ပြည်နယ်များသည် မိမိပြည်နယ်နှင့် ကိုက်ညီမည့် မြေယာနှင့် သဘာဝပတ်ဝန်းကျင်ကဏ္ဍဆိုင်ရာ အခြေခံမူများကို ရေးဆွဲပြဋ္ဌာန်း ကျင့်သုံးပိုင်ခွင့်ရှိရမည်။

(ဒုတိယအကြိမ် မြေယာနှင့် သာဘာဝပတ်ဝန်းကျင်ကဏ္ဍဆိုင်ရာ လုပ်ငန်းကော်မတီ ညှိနှိုင်းအစည်းအဝေးတွင် တိုင်းရင်းသားလက်နက်ကိုင် (၈) ဖွဲ့၏ ပူးတွဲတောင်းဆိုချက်များမှ ကောက်နုတ်တင်ပြသည်။ ၎င်းအစည်းအဝေးတွင် မြန်မာအစိုးရနှင့်တပ်မတော်မှ ကိုယ်စားလှယ်များလည်းတက်ရောက်ခဲ့ကြသည်။ ရခိုင်ပြည်လွတ်မြောက်ရေးပါတီသည် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် (NCA) ကို လက်မှတ် ရေးထိုးထားသောအဖွဲ့ဖြစ်သည်။)

## ရခိုင့်သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ဆိုင်ရာကွန်ရက် (ရခိုင်ပြည်နယ်ရှိမြို့နယ် (၁၇) ခုမှ အရပ်ဖက်လူမှုအဖွဲ့အစည်းခေါင်းဆောင်များနှင့်နိုင်ငံရေးပါတီမှအဖွဲ့ဝင်များဖြင့်ဖွဲ့စည်းထားသော ကွန်ရက်ဖြစ်သည်)

- ဖက်ဒရယ်ပြည်ထောင်စုဖွဲ့စည်းပုံအခြေခံဥပဒေတွင် သယံဇာတများအပေါ် ပြည်နယ်အစိုးရများ၏ ပိုင်ဆိုင်ခွင့်၊ ဆုံးဖြတ်ပိုင်ခွင့်၊ စီမံခန့်ခွဲပိုင်ခွင့်နှင့် သက်ဆိုင်သောအာဏာရပ်များအားတိတိကျကျ ရေးဆွဲပြဋ္ဌာန်းရမည်။

- ပြည်နယ်များအတွင်းရှိ သဘာဝသယံဇာတများ နှင့်စပ်လျဉ်း၍ ပြည်နယ်အစိုးရများက ဥပဒေရေးဆွဲပြ ဋ္ဌာန်းခွင့် ရှိရမည်။

- ၎င်းဥပဒေများရေးဆွဲပြဋ္ဌာန်းအတည်ပြု မပြီးမချင်း သယံဇာတတူးဖော်ထုတ်လုပ်ရောင်းချမှုများကို ရပ်ဆိုင်းထားရမည်။

- ပြည်နယ်များအတွင်းရှိ သယံဇာတတူးဖော်ထုတ်လုပ်ရောင်း ချခြင်းနှင့်စပ်လျဉ်း၍ရရှိလာသော ဘဏ္ဍာငွေများနှင့် အခွန်အခများကို ပြည်နယ်အစိုးရမှ တိုက်ရိုက်ကောက်ခံပိုင်ခွင့် ရှိရမည်။

(၂၀၁၈ ခုနှစ် နိုင်ဝင်ဘာလ- သမ္မတ ဦးဝင်းမြင့်ထံသို့ ပေးပို့သော အိပ်ဖွင့်ပေးစာမှ ကောက်နုတ်တင်ပြသည်။)

**ရခိုင့်သယံဇာတမူဝါဒဆိုင်ရာ ဆွေးနွေးပွဲသို့ ရခိုင်နိုင်ငံရေးပါတီများမှ ထိပ်ပိုင်းခေါင်းဆောင်များနှင့်ရခိုင်ပြည်နယ်(၁၈)မြို့နယ်မှ အရပ်ဖက်လူမှုအဖွဲ့အစည်းခေါင်းဆောင်များ တက်ရောက်ခဲ့သည်။ တက်ရောက်ခဲ့သော နိုင်ငံရေးပါတီများတွင် ရခိုင်အမျိုးသားပါတီ (ANP)၊ ရခိုင်ဒီမို ကရေစီအဖွဲ့ချုပ် (ALD)၊ ရခိုင်ဦးဆောင်ပါတီ (AFP)၊ မြို့အမျိုးသားများဖွံ့ဖြိုးရေးပါတီ (MNDP) တို့ပါဝင်သည်။**

- ကျောက်ဖြူ အထူးစီးပွားရေးဇုန်နှင့် လက်ရှိအကောင် အထည်ဖော်နေဆဲ ကုလားတန်စီမံကိန်းများအပါအဝင် အခြားကြီး မားသော ရင်းနှီးမြှုပ်နှံမှုစီမံကိန်းများမှာ ဗဟိုအစိုးရက တိုက်ရိုက် ဆုံးဖြတ်စီမံခန့်ခွဲနေခြင်းဖြစ်ရာ ရခိုင်ပြည်သူများအနေဖြင့် အကျိုးခံစားခွင့် စိုးစဉ်းမျှမရှိသည့်အတွက် လက်ရှိအခြေအနေတွင် ထိုစီမံကိန်းများအား ဆိုင်းငံ့ထားရန်နှင့် ပြန်လည်သုံးသပ်ပေးရန်တောင်းဆိုသည်။


- ပြည်နယ်များအတွင်းရှိ သယံဇာတများ၏ ပင်ရင်းပိုင်ရှင်သည် ပြည်နယ်အတွင်းရှိ တိုင်းရင်းသားများဖြစ်ကြောင်းကို ဖက် ဒရယ်ပြည်ထောင်စုဖွဲ့စည်းပုံအခြေခံဥပဒေတွင် ထည့်သွင်း ရေးဆွဲရမည်။ ထို့အပြင် သက်ဆိုင်ရာပြည်နယ်လူထုက ရွေးချယ်တင်မြှောက်သည့် ပြည်နယ်အစိုးရ၏သယံဇာတများအပေါ် ဆုံးဖြတ်ပိုင်ခွင့်၊ စီမံခန့်ခွဲပိုင်ခွင့်နှင့်သက်ဆိုင်သော အာဏာရပ်များလည်း တိတိကျကျ ရေးဆွဲပြဋ္ဌာန်းရမည်။

(၂၀၁၈ ခုနှစ် နိုဝင်ဘာလ ၂၇ ရက်စွဲဖြင့်ထုတ်ပြန်သော ထုတ်ပြန်ကြေညာချက်မှ ကောက်နုတ်တင်ပြသည်။)

ကျောက်ဖြူကျေးလက်ဒေသ ဖွံ့ဖြိုးရေးအသင်း (KRDA) (ကျောက်ဖြူဒေသရှိ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကြောင့် ထိခိုက်နစ်နာကြရသော ဒေသခံလယ်သမားများနှင့်ရေလုပ်သားများဖြင့် စုပေါင်းဖွဲ့စည်းထားသည်။

"မြန်မာအစိုးရအားတောင်းဆိုသည်" "ရိုးရာဓလေ့ထုံးတမ်းအရမြေယာပိုင်ဆိုင်မှုကို တရားဝင်အသိအမှတ်ပြုပေးရန်နှင့်ဒေသခံပြည်သူလူထုထံမှ သဘောထားများကို ရယူပြီးသည်အထိ ကျောက်ဖြူအထူးစီးပွားရေးဇုန်ကို ဆိုင်းငံ့ထားရန်"

(၂၀၂၀ ခုနှစ်၊ မတ်လ ၂၀ ရက်နေ့တွင် ထုတ်ပြန်သော ထုတ်ပြန်ကြေညာချက်မှ ကောက်နုတ်တင်ပြသည်။)



သို့

နိုင်ငံတော်သမ္မတ

ပြည်ထောင်စုအစိုးရ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ရက်စွဲ - ၂၀၁၈-ခုနှစ် နိုဝင်ဘာလ (၂၅) ရက်

အကြောင်းအရာ။ **ရခိုင့်သယံဇာတဆိုင်ရာ ရပိုင်ခွင့်များအား ရခိုင်ပြည်နယ်သားများ ရရှိနိုင်ရေးကိစ္စ**

လေးစားစွာဖြင့်

ရခိုင့်သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ကွန်ရက်

*သမ္မတဦးဝင်းမြင့်ထံသို့ ရခိုင့်သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ဆိုင်ရာကွန်ရက်မှ ပေးပို့သော အိပ်ဖွင့်ပေးစာ*

# ဒေသတွင်းပြည်သူလူထုများ အရပ်ဖက်အဖွဲ့အစည်းများနှင့် နိုင်ငံရေးပါတီများသည် ဖက်ဒရယ်ပြည်ထောင်စု စနစ်အတွင်း ပိုမိုတိကျသော မြေယာနှင့် သဘာဝသယံဇာတဆိုင်ရာ စီမံခန့်ခွဲမှု တည်ဆောက်ရန်အတွက် လူထုလှုပ်ရှားမှုများစွာ စုဝေးပြုလုပ်ကြခြင်း



၂၀၁၆ ခုနှစ် ဇွန်လမှ ဩဂုတ်လအတွင်း ရခိုင့်သယံဇာတနှင့် မြေယာကို ရခိုင်ပြည်သူများ ကိုယ်တိုင် ပိုင်ဆိုင်ခွင့်၊ ထိန်းချုပ်ခွင့် နှင့် စီမံပိုင်ခွင့်ကို ရခိုင်တစ်ပြည်နယ်လုံးမှ ပြည်သူ (၃) သိန်း နီးပါး လက်မှတ်ရေးထိုး တောင်းဆိုခဲ့ကြသည်။



ဒေသခံရေလုပ်သားများက သူတို့၏အသက်မွေးဝမ်းကျောင်းလုပ်ကို ထိခိုက်စေသော တရုတ်ရေနံတင်သင်္ဘောများနှင့် မဒေးကျွန်းရေနက်ဆိပ်ကမ်းစီမံကိန်းများကို မေလ ၂၂ ရက်၊ ၂၀၁၇ ခုနှစ်တွင် ကန့်ကွက်ဆန္ဒပြနေစဉ်. (Photo: KRDA)



၂၀၁၈ ခု နိုဝင်ဘာလတွင် နိုင်ငံရေးပါတီများ၊ အရပ်ဖက်အဖွဲ့အစည်းများနှင့် ဒေသခံပြည်သူများသည် ၂၀၁၆ ခုနှစ် ရခိုင့်သယံဇာတ လူထုချီတက်ပွဲ (၂) နှစ်ပြည့် အထိမ်းအမှတ်အဖြစ် စုဝေးခဲ့ကြပြီး ထောင်ချီသောပြည်သူများက ၎င်းတို့၏ မြေယာနှင့် သဘာဝသယံဇာတဆိုင်ရာ ရပိုင်ခွင့်များကို တောင်းဆိုခဲ့ကြသည်။ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ထံသို့ ၎င်းတောင်းဆို ချက်များပါဝင်သော အိတ်ဖွင့်ပေးစာတစ်စောင်ကို ပေးပို့ခဲ့ကြသည်။



မဒေးကျွန်းဒေသခံ တောင်သူလယ်သမားများက သူတို့၏ လယ်ယာမြေများအား မဒေးကျွန်းရေနက်ဆိပ်ကမ်း စီမံကိန်းတည်ဆောက်ရေးမှ ကာကွယ်ပေးရန် မေလ ၂၂ ရက်၊ ၂၀၁၇ ခုနှစ်တွင် တောင်းဆိုဆန္ဒပြနေကြစဉ်(Photo: KRDA)



၂၀၁၆ ခုနှစ် နိုဝင်ဘာတွင် ယင်းတောင်းဆိုချက်များကိုပင် စစ်တွေမှ ကျောက်ဖြူသို့ မိုင် (၃၀၀) ကျော် ရှည်လျားပြီး တစ်ပတ်ကြာသော လူထုချီတက်ပွဲကို အရပ်ဖက်အဖွဲ့အစည်းမှ (ANREN) ဦးဆောင်စုစည်းကာ ချီတက်တောင်းဆိုခဲ့သည်။ တစ်ပတ်ကြာမြင့်သည့် ယင်းလူထုချီတက်ပွဲကာလအတွင်း ဒေသခံပြည်သူပေါင်း (၅၀၀၀၀) ခန့် တက်ကြွစွာ ပါဝင်ချီတက်ခဲ့ ကြသည်။




ကျောက်ဖြူမြို့နယ်အတွင်းရှိ ဒေသခံတောင်သူ လယ်သမားများက တရုတ်နိုင်ငံပိုင် ရေနံကုမ္ပဏီ CNPC အား ထွက်ခွာသွားရန် မတ်လ ၂၂ ရက်၊ ၂၀၁၈ ခုနှစ်တွင် တောင်းဆိုဆန္ဒပြနေကြစဉ်(Photo: Myo Lwin)

# ပြည်သူလူထု၏ လိုအပ်ချက်များကို ဖော်ထုတ်တင်ပြသော ကျောက်ဖြူမှ တက်ကြွလှုပ်ရှားသူများ ဖမ်းဆီးခံရခြင်း

မြေယာနှင့် သဘာဝသယံဇာတ ပဋိပက္ခများ ဖြစ်ပွားရခြင်း၏ အဓိကကျသော အခြေခံအကြောင်းတရားများကို ဦးတည်သည့် တွေ့ဆုံညှိနှိုင်းအဖြေရှာခြင်းများ လုပ်ဆောင်နိုင်ရန် နိုင်ငံရေးပါတီများ၊ လက်နက်ကိုင်အဖွဲ့အစည်းများ၊ အရပ်ဖက် လူမှုအဖွဲ့အစည်းများနှင့် ဒေသခံပြည်သူများ၏ ကြိုးပမ်းအားထုတ်မှုများကို မြန်မာအစိုးရသည် မျက်ကွယ်ပြုလျက် စီမံကိန်းအသစ်များ အကောင်အထည်ဖော်နိုင်ရန်အတွက် စိုင်းပြင်းခဲ့သည်။ ယင်းသို့လုပ်ဆောင်နိုင်ရန် ၄င်းစီမံကိန်းများကို ကန့်ကွက်ကြောင်း ငြိမ်းချမ်းစွာ ဆန္ဒထုတ်ဖော်ခဲ့သည်များအား အကြောင်းပြုလျက် အရပ်ဖက်ခေါင်းဆောင်များအား စွဲချက်တင်ဖမ်းဆီးကာ ကန့်ကွက်ဆန့်ကျင်မှု ငြိမ်သက်ပပျောက်သွားစေရန် အားထုတ်ခဲ့သည်။

အောက်ပါတို့မှာ ကျောက်ဖြူဒေသမှ အရပ်ဖက်လူမှုခေါင်းဆောင်များအား တရားမျှတမှုကင်းမဲ့စွာ ဖမ်းဆီးစွဲချက်တင် ခံရမှုများဖြစ်သည်။


Chan Maung Nu

၂၀၂၀ ခုနှစ် မတ်လ (၂၃) ရက် ။ ။ ကျောက်ဖြူကျေးလက်ဒေသ ဖွံ့ဖြိုးရေးအသင်း (KRDA) မှ ခေါင်းဆောင်နှစ်ဦးဖြစ်သည့် ထွန်းကြည်နှင့် ချမ်းမောင်နတို့အား ကျောက်ဖြူအထွေထွေအုပ်ချုပ်ရေးဌါနမှ ငြိမ်းစုစီးပုဒ်မ (၁၉) ကို ဖောက်ဖျက်မှု ဖြင့် တရားစွဲဆိုခဲ့သည်။ အကြောင်းမှာ မတ်လ (၂၀) ရက်နေ့က ကျောက်ဖြူအထူးစီးပွားရေးဇုံစီမံကိန်းနှင့်ပါတ်သတ်၍ ထိခိုက်နစ်နာမှုများကို ဦးတည်သည့် ဆွေးနွေးပွဲအတွက် ဒေသခံလယ်သမားများနှင့် တံငါသည်များပါဝင်သော ဒေသခံ (၄၇၀) ဦးကို ဦးဆောင် စုဝေးခဲ့သည့်အတွက်ဖြစ်သည်။ ၄င်းအလုပ်ရုံဆွေးနွေးပွဲမှ အများပြည်သူသို့ ထုတ်ပြန်ချက်တွင် - ကျောက်ဖြူအထူးစီးပွားရေး (SEZ) စီမံကိန်းသည် ဌါနေတိုင်းရင်းသားများ၏ မိရိုးဖလာ မြေယာပိုင်ဆိုင်မှုနှင့် စီမံခန့်ခွဲမှု ဓလေ့ကို အသိအမှတ်ပြုမှုမရှိခြင်း၊ စီမံကိန်းနှင့်ပက်သတ်၍ ဒေသခံပြည်သူများသို့ ပွင့်လင်းမြင်သာစွာ ချပြမှုကင်းမဲ့ခြင်း၊ မြေယာများ၊ အသက်မွေးဝမ်းကျောင်းများ ဆုံးရှုံးရခြင်းနှင့်ပက်သတ်၍ တာဝန်ယူမှု ကင်းမဲ့ခြင်းများကြောင့် ဒေသခံပြည်သူများ၏ လိုလားတောင်းဆိုချက်များအား တွေ့ဆုံဆွေးနွေး အဖြေရှာခြင်း မပြုလုပ်မချင်း ၄င်းစီမံကိန်းတို့အား ရပ်တန့်ထားရန်တို့ကို အလေးပေးဖော်ပြပါရှိသည်။ KRDA မှ ၄င်းခေါင်းဆောင် (၂) ဦးမှာ တစ်လလျှင် နှစ်ကြိမ် တရားရုံးတက်ကာ အမှုရင်ဆိုင်နေလျက်ရှိသည်။


Tun Kyi

၂၀၂၀ ခုနှစ် ဧပြီလ (၂၂) ရက်။ ။ Covid-19 ကပ်ရောဂါကျရောက်နေသည့်အတွင်း ဧပြီလ (၇) ရက်နေ့က ကျောက်ဖြူမြို့နယ် မဒေးကျွန်းရေနက်ဆိပ်ကမ်းသို့ တရုတ်ရေနံတင်သင်္ဘောများ အဆက်မပြတ်ဝင်ရောက်နေမှုကို ကန့်ကွက်ကြောင်း ဆန္ဒထုတ်ဖော်ခဲ့သည့်အတွက် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ တက်ကြွလှုပ်ရှားသူနှစ်ဦးဖြစ်သော မျိုးလွင်နှင့် သိန်းညွန့်တို့အား ငြိမ်းစုစီ ပုဒ်မ (၁၉) ဖြင့် တရားစွဲဆိုခြင်း ခံခဲ့ရသည်။

ပြီးခဲ့သည့်နှစ်အတွင်း ကျောက်ဖြူမှ တက်ကြွလှုပ်ရှားသူများအား တရားမျှတမှု ကင်းမဲ့စွာ တရားစွဲဆိုခြင်းခံခဲ့ရသည့် အလားတူဖြစ်ရပ်မှာ ....

၂၀၁၃ ခုနှစ် ဧပြီလ (၁၉) ရက် ။ ။ ကျောက်ဖြူဒေသ မဒေးကျွန်းရှိ CNPC ၏ စီမံကိန်းများအား ကန့်ကွက်ဆန္ဒထုတ် ဖော်မှုကို ဦးဆောင်မှုဖြင့် ရွာသား (၆) ဦးမှာ ဖမ်းဆီးတရားစွဲဆိုခြင်း ခံခဲ့ရသည်။ ရွာသူရွာသား (၅၀၀) ခန့်သည် CNPC ၏ ရေနံတင်ဆိပ်ကမ်းနှင့် ရေနံပို့လွှတ်ရေးဂိတ် ဆောက်လုပ်ရေး လုပ်ငန်းခွင်ရှေ့သို့ ချီတက်ကာ ၄င်းတို့၏ မြေယာနှင့် အသက်မွေးဝမ်းကျောင်းများ ဆုံးရှုံးရခြင်းအတွက် နာရီပေါင်း များစွာ ကြာအောင် ကန့်ကွက်ဆန္ဒပြခဲ့ကြသည်။


(Photo: Htun Kyi)



- ၂၀၁၆ ဇန်နဝါရီလ (၂၁) ရက်။ ။ ကျောက်ဖြူဒေသရှိ ရင်းနှီးမြှုပ်နှံမှု ပြီးသွားသော စီမံကိန်းများ အပေါ် ဟုတ်တိုင်းမှန်ရာ ဝေဖန်သုံးသပ်ပြောဆိုလေ့ရှိသူ၊ ကျောက်ဖြူကျေးလက်ဒေသဖွံ့ဖြိုးရေးအသင်း၏ ခေါင်းဆောင်တစ်ဦးဖြစ်သည့် မောင်အေးအား ရခိုင့်တပ်တော် (AA) နှင့် ဆက်သွယ်သည်ဟူသော အကြောင်းပြ ချက်ဖြင့် ဖမ်းဆီးကာ မတရားအသင်း ပုဒ်မ (၁၇) (၁) ဖြင့် စွဲချက်တင်ခဲ့သည်။ သူ သည် ကျောက်ဖြူထောင်၌ ထောင်ဒဏ် (၂) နှစ်ချမှတ်ခံရပြီး ၂၀၁၇ ခုနှစ် မေလတွင် ပြန်လည်လွတ်မြောက် လာခဲ့သည်။



- ၂၀၁၈ ခုနှစ် အောက်တိုဘာ (၁) ရက်။ ။ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ တက်ကြွလှုပ်ရှားသူ မျိုးလွင် အား ဆက်သွယ်ရေးဥပဒေပုဒ်မ (၆၆) (ဃ) ဖြင့် ဖမ်းဆီးတရားစွဲဆို ခြင်းခံခဲ့ရသည်။ အကြောင်း မှာ ထောင်ပေါင်းများစွာသော ဂုံးကောင်အသေများ ကျောက်မြောင်းအုပ်စု လင်ပန်းကျကျေးရွာ ကျား အော်ချောင်းရွာ အနီး သံစစ်မြစ်ထဲ၌ မျောပါနေ ကြသည်ကို စင်တာဘာလအတွင်းက Facebook ၌ သတင်းနှင့် ဗီဒီယိုမှတ်တမ်းများ တင်ခဲ့သည့်အတွက်ဖြစ်သည်။ မျိုးလွင်သည် ကျေးရွာသား (၁၆၇) ဦးမှာ ဂုံး များကောက်ပြီးသည့်နောက် အရေပြားရောဂါများ ဖြစ်ပွားကြကြောင်း ခိုင်လုံသော အထောက်အထားများ စုဆောင်မှတ်တမ်းတင်ခဲ့သည်။ သံစစ်မြစ်ရေအား အရပ်ဖက်အဖွဲ့အစည်းများမှ ဓါတ်ခွဲစစ်ဆေးကြည့် သည့်အခါ ခဲနှင့် ဇီနော (ကာဘော်လစ်) ပါဝင်နှုန်း အလွန်မြင့်မားနေကြောင်း တွေ့ရှိရသည်။ ယင်းမှာ ရေနံတင်သင်္ဘောများနှင့် သံစစ်မြစ်ရှိ မဒေးရေနက်ဆိပ်ကမ်း၏ လုပ်ငန်းဆောင်ရွက်မှုများကြောင့် ဖြစ်ရ ခြင်းဖြစ်သည်ဟု အရပ်ဖက် အဖွဲ့အစည်းများမှ ယူဆကြသည်။[25] မြန်မာအစိုးရကမူ ယင်းဖြစ်ရပ်မှာ မိုးကြီးလွန်းခြင်းနှင့် ရေကြီးခြင်းကြောင့် ဖြစ်သည်ဟု ရှင်းချက်ထုတ်ခဲ့ သည်။ မျိုးလွင်သည် ယခု (၂) နှစ်ကြာမြင့်သည်အထိ တစ်လလျှင် (၂) ကြိမ် တရားရုံးတွင် တရားရင်ဆိုင်နေရဆဲဖြစ်ပြီး ယခုနှစ်တွင် ပုဒ်မ (၁၉) ဖြင့် ထပ်မံတရားစွဲဆိုခြင်း ခံထားရသည်။

## အနှစ်ချုပ် ကောက်နုတ်သုံးသပ်ချက်

ပဋိပက္ခများ အရှိန်အဟုန်မြင့်တက်လာခြင်းနှင့် ခေါင်းပုံဖြတ်အမြတ်ထုတ်သော ရင်းနှီးမြှုပ်နှံမှုများက ရခိုင်ပြည်သူလူထုအား အလုံးစုံ ပျက်သုဉ်းခြင်း ချောက်နက်ထဲသို့ တွန်းချနေသည်။ ရခိုင့်တပ်တော် (AA) အား တစ်ပြည်လုံးအပစ်အခတ်ရပ်စဲရေးနှင့် နိုင်ငံရေးဆွေးနွေးပွဲများမှ ဖယ်ထုတ်ထားခြင်း၊ စစ်ရေးထိုးစစ်အပြင်းအထန် ဆင်နွှဲခြင်းများအားဖြင့် မြန်မာအစိုးရသည် အန္တရာယ်များသောလမ်းကို ရွေးချယ်ခဲ့သည်။ ရခိုင့်သဘာဝသယံဇာတများကို ရခိုင်ပြည်သူများ၏ ဆန္ဒမပါပဲ တူးဖော်ထုတ်ယူ ရောင်းချမှုများ ဆက်လက်ပြုလုပ်နေပြီး ယင်းမှ ရရှိသော အခွန်ဘဏ္ဍာများအား ရခိုင်ပြည်သူများကို သတ်ဖြတ်နှိပ်ကွပ်ရန် လက်နက်များ ဝယ်ယူရာတွင် အသုံးပြုနေခြင်းက လူထု၏ နာကျည်းဒေါသယမ်းပုံအား မီးရှို့ကာ ပဋိပက္ခမီးတောက်ကို ဟုန်းဟုန်းတောက်လောင် စေခဲ့ခြင်းဖြစ်သည်။

ရခိုင်ပြည်မြောက်ပိုင်းမှ ပြည်သူများသည် ဆိုးရွားလှသော ဒုက္ခကပ်ဘေးကြီး ဆိုက်ရောက်နေပြီး ထိခိုက်သေကျေဒါဏ်ရာရမှုများ၊ လူ့အခွင့်ရေးချိုးဖောက်စော်ကားခံရမှုများကို နေ့စဉ်ကြုံတွေ့နေကြရသည့်အပြင် ယခုအခါ Covid-19 ကပ်ရောဂါ၏ ခြိမ်းခြောက်မှုကိုပါ ထပ်မံရင်ဆိုင်နေကြရသည်။ နိုင်ငံခြားအစိုးရအဖွဲ့များ နိုင်ငံတကာအဖွဲ့အစည်းများနှင့် စီးပွားရေး ကော်ပိုရေးရှင်းကြီးများသည် ရင်းနှီးမြှုပ်နှံမှုများပြုလုပ်ခြင်း၊ ဘဏ္ဍာရေးအထောက်အပံ့အကူအညီများ ပေးခြင်းဖြင့် ဗဟိုချုပ် ကိုင်စိုးမိုးမှုကို အားကောင်းစေကာ မြန်မာဗဟိုအစိုးရနှင့် တိုင်းရင်းသားများကြား ဖြစ်ပွားနေသော ပဋိပက္ခများကို ပိုမိုဆိုးရွား လာစေသည်။

အထက်ဖော်ပြပါတာဝန်ရှိသူများသည် ရခိုင်ပြည်အပါအဝင် မြန်မာနိုင်ငံတွင်း၌ ကြာရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုများတိုးမြှင့်ရရှိနိုင်စေရန် တိုင်းရင်းသားများ၏ ဆန္ဒသဘောထားများကို ထည့်သွင်းပေါင်းစပ်လျက် တိကျ၍ ထိရောက်သော အရေးယူဆောင်ရွက်မှုများကို (ရခိုင်ပြည်နယ်အတွင်း ပဋိပက္ခများ ထိန်းချုပ်မရနိုင်အောင် ပေါက်ကွဲ ပွင့်ထွက်သွားပြီး အသက်ပေါင်းများစွာ ထပ်မံမဆုံးရှုံးရခင်၌) ချက်ချင်းလုပ်ဆောင်ရန် လိုအပ်သည်။

# အကြံပြုချက်များ

## မြန်မာအစိုးရအနေဖြင့် အောက်ပါအချက်များအား အမြန်ဆုံးအကောင်အထည်ဖော်ဆောင်ရွက်သင့်သည်

(၁) ရခိုင်ပြည်နယ်နှင့် အခြားတိုင်းရင်းသားနယ်မြေများအား စစ်ရေးထိုးစစ်ဆင်မှုများအဆုံးသတ်ရန် နိုင်ငံသားများ၏ အသက် အိုးအိမ်စည်းစိမ်များ ထပ်မံမဆုံးရှုံးစေရန် အားလုံးပါဝင်သော တစ်နိုင်ငံလုံးအပစ် အခတ်ရပ်စဲရေးကို ကြေငြာရန်၊ Covid-19 ကပ်ရောဂါတိုက်ဖျက်ရန်နှင့် တိုင်းရင်းသားခေါင်းဆောင်များနှင့် ယုံကြည်မှုတည်ဆောက်ရန်။

(၂) NCA လက်မှတ်ရေးထိုးထားသည့် အဖွဲ့များနှင့် လက်မှတ်မထိုးသည့်အဖွဲ့များ အားလုံးပါဝင်သော တိုင်းရင်းသားလက် နက်ကိုင်အဖွဲ့များအားလုံးကို ဖိတ်ခေါ်ပြီး လက်ရှိငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအပေါ် ကျယ်ကျယ်ပြန့်ပြန့်လေ့လာ ဆွေးနွေးကြ ရန်၊ ယင်းသည် ပဋိပက္ခဖြစ်ပွားရသော အခြေခံရင်းမြစ်ကို ဦးတည်သည့် ကြာရှည်တည်တံ့ခိုင်မြဲသည့် နိုင်ငံရေးဆွေးနွေးပွဲ စတင်ဖြစ်ပေါ်လာစေရန် ရည်ရွယ်ရမည်။

(၃) ရွှေသဘာဝဓါတ်ငွေ့စီမံကိန်းနှင့် ကျောက်ဖြူအထူးစီးပွားရေးဇုံအပါအဝင် လက်ရှိနှင့်အသစ်ဖော်ဆောင်မည့် ရင်းနှီးမြှုပ်နှံမှု ကြီးမားသောစီမံကိန်းများအား အနာဂတ်တွင် ဖြစ်ပေါ်လာမည့် ပြည်ထောင်စုငြိမ်းချမ်းရေးသဘောတူစာချုပ်နှင့်အညီ ဖက်ဒရယ် ပြည်ထောင်စုဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ဖက်ဒရယ်ပြည်ထောင်စုဥပဒေပြုလွှတ်တော်များ အတည်ပြု အသက်ဝင်သည်အထိ ဆိုင်းငံ့ထားရန်။

(၄) Covid-19 ကပ်ရောဂါကာလအတွင်း ရခိုင်ပြည်နယ်အတွင်းသို့ တရုတ်ရေနံတင်သင်္ဘောများနှင့် ရေနံကုမ္ပဏီများမှ အလုပ်သမားများ ဝင်ရောက်ခြင်းကို ရပ်ဆိုင်းထားရန်။

(၅) ဒေသခံပြည်သူများ၏ ရပိုင်ခွင့်များ အသက်မွေးဝမ်းကျောင်းများနှင့် သဘာဝပတ်ဝန်းကျင်အတွက် ငြိမ်းချမ်းစွာဆန္ဒ ထုတ်ဖော်ခြင်းကြောင့် တရားစွဲဆိုခြင်းခံနေရသော ကျောက်ဖြူအပါအဝင် ရခိုင်ပြည်နှင့် မြန်မာပြည်တဝှမ်းလုံးမှ အရပ်ဖက်အဖွဲ့အစည်း ခေါင်းဆောင်များအား မတရားဥပဒေများဖြင့် စွဲဆိုထားသောအမှုများကို ချက်ခြင်းရုတ်သိမ်းပေးရန်။

(၆) နိုင်ငံတကာလူ့အခွင့်အရေးစံချိန်စံညွှန်းများအရ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်များရရှိနိုင်ရန် ရခိုင်နှင့်ချင်းပြည်နယ်တို့တွင် အိမ်တင်နက် ဖြတ်တောက်ထားမှုများအား ရပ်တန့်ပေးရန်။

### နိုင်ငံတကာအစိုးရအနေဖြင့်

(၁) တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးကို ရခိုင်ပြည်အပါအဝင် တစ်ပြည်လုံးတွင် ဖြစ်ပေါ်သက်ဝင်လာစေရေးအတွက် မြန်မာအစိုးရနှင့် ပူးတွဲလုပ်ဆောင်ရန်၊ တိုင်းရင်းသားခေါင်းဆောင်များအားလုံးပါဝင်သော ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ဖြစ်မြောက်ရေးတွင် ဝိုင်းဝန်းပံ့ပိုးလုပ်ဆောင်ရန်။

(၂) ပဋိပက္ခဖြစ်ပွားနေသော တိုင်းရင်းသားနယ်မြေများသို့ ရည်ရွယ်သည့် ပမာဏများပြားသော ဖွံ့ဖြိုးတိုးတက်ရေး ကူညီထောက်ပံ့ငွေများနှင့် ချေးငွေများအား ဗဟိုအစိုးရထဲသို့ ပေးအပ်ခြင်းကို ဆိုင်းငံ့ထားရန်။

၎င်းအထောက်အပံ့များအပေါ်တွင် မှီခိုအားထားနေရခြင်းနှင့်ပက်သတ်၍ ကျယ်ကျယ်ပြန့်ပြန့်လေ့လာသုံးသပ်မှုကို ပြန်လည်လုပ်ဆောင်ရန်၊ တိုင်းရင်းသားများ၏ ရပ်တည်ချက်သဘောထားများကို ထည့်သွင်းစဉ်းစားရန်၊ လက်ရှိငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ၏ အကျိုးသက်ရောက်မှုများကို ဆန်းစစ်ရန်။

(၃) ရွှေသဘာဝဓါတ်ငွေ့ စီမံကိန်းနှင့် ကျောက်ဖြူအထူးစီးပွားရေးဇုံကဲ့သို့ ရင်းနှီးမြှုပ်နှံမှု ကြီးမားသော စီမံကိန်းများအား ရခိုင်ပြည်အပါအဝင် တိုင်းရင်းသားနယ်မြေများအားလုံး၌ အနာဂတ်တွင် ဖြစ်ပေါ်လာမည့် ပြည်ထောင်စုငြိမ်းချမ်းရေး သဘောတူ စာချုပ်နှင့်အညီ ဖက်ဒရယ်ပြည်ထောင်စုဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့် ဖက်ဒရယ်ပြည်ထောင်စု လွှတ်တော်မပေါ်ပေါက်မချင်း ရပ်ဆိုင်းထားရန်။ အကြောင်းမှာ ယင်းတို့သည် ပဋိပက္ခကို ပိုမိုကြီးထွားစေသောကြောင့်ဖြစ်သည်။

### နိုင်ငံတကာစီးပွားရေးကော်ပိုရေးရှင်းကြီးများနှင့် ရှယ်ယာပါဝင်သူ ကုမ္ပဏီများအနေဖြင့် --

(၁) တိုင်းရင်းသားပြည်နယ်များတွင် လက်ရှိလုပ်ဆောင်နေသော သို့မဟုတ် လုပ်ဆောင်ရန်စီစဉ်ထားသော ရွှေသဘာဝဓါတ်ငွေ့စီမံကိန်းနှင့် ကျောက်ဖြူအထူးစီးပွားရေးဇုံကဲ့သို့ ရင်းနှီးမြှုပ်နှံမှုကြီးမားသည့် စီမံကိန်းများအား အနာဂတ်တွင်ဖြစ်ပေါ် လာမည့် ပြည်ထောင်စုငြိမ်းချမ်းရေး သဘောတူစာချုပ်နှင့်အညီ ဖက်ဒရယ်ပြည်ထောင်စုဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့် ဖက်ဒရယ်ပြည်ထောင်စု လွှတ်တော် မပေါ်ပေါက်မချင်း ရပ်ဆိုင်းထားခြင်းအားဖြင့် ဒေသအာဏာပိုင်များ၊ ပြည်သူများနှင့် ရေရှည် လက်တွဲနိုင်မည့် ဆက်ဆံရေးကို ထူထောင်ရန်။

၂၀၀၆ ခုနှစ်တွင် စတင်ဖွဲ့စည်းထူထောင်ခဲ့သော ရခိုင့်ရေနံစောင့်ကြည့်ရေးအဖွဲ့ (AOW) သည် ရခိုင်ဒေသတွင်း ရင်းနှီးမြှုပ်နှံမှုစီမံကိန်းများကို အထူးသဖြင့် ရေနံနှင့်သဘာဝဓါတ်ငွေ့ဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုများကို အထူးပြုအာရုံစိုက်လေ့လာခဲ့သည်။ ရခိုင်ပြည်နှင့် မြန်မာပြည်အတွင်း ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးနှင့် တရားမျှတမှုများ ဖြစ်ထွန်းလာစေရန် အနာဂတ်တွင်ဖြစ် ပေါ်လာမည့် ဖက်ဒရယ်ပြည်ထောင်စု၏ သဘာဝသယံဇာတဆိုင်ရာ စီမံခန့်ခွဲမှုစနစ်များအတွက် ကောင်းမွန်ပြည့်စုံသော အဆိုပြုချက်များကိုလည်း ပြုစုရေးသားခဲ့သည်။ ထုတ်ဝေခဲ့ပြီးသော အစီရင်ခံစာများကို www.oilwatcharakan.org တွင် ဝင်ရောက်ကြည့်ရှုနိုင်သည်။

**(Endnotes)**

[1] "Civilian casualties in Rakhine war", Radio Free Asia, June 4, 2020 (link) https://www.rfa.org/burmese/program_2/civilians-casualties-in-rakine-war-06042020050711.html
[2] Rakhine Ethnic Congress (REC) Facebook post, June 8, 2020 (link)
[3] "UN, Diplomatic missions in Myanmar express concern over Rakhine conflict", Narinjara News, June 29, 2020 (https://www.narinjara.com/news/detail/5ef9a1ff03827232d624ca7c)
[4] Human Rights Watch, "Myanmar: Displacement camps are COVID-19 Tinderboxes", March 30, 2020 (link)
[5] Ives & Saw Nang, "Myanmar vows to 'crush' insurgents who attacked police stations", the New York Times, January 8, 2019 (link)
[6] Article 19, "Myanmar: Internet shutdown in Rakhine and Chin States" August 2 2019 (link)
[7] Telenor, Press release "Blocking 230 websites in Myanmar based on directive from the authorities" [press release], March 30, updated April 22, 2020 (link)
[8] Reporters Without Borders, "In mid-coronavirus crisis, Myanmar blocks 221 websites for fake news", April 3, updated May 6, 2020 (link)
[9] Lawi Weng, "Myanmar rebel coalition calls for military to extend ceasefire to Rakhine", the Irrawaddy News, (link)
[10] Min Aung Khine, "Almost 200 homes set ablaze in Myanmar's Rakhine State", Irrawaddy News, May 19 2020 (link); "Villagers watch their homes burn from IDP camp", Khonumthung News, May 29, 2020 (link); Human Rights Watch, "Myanmar: Imagery shows 200 buildings burned", May 26, 2020 (link)
[11] Chau, "Myanmar seeks to rekindle its dimming gas hopes", the Asia Times, January 7, 2020 (link)
[12] Chan Myat Htwe, "Natural gas export brings $3b in this fiscal year", the Myanmar Times, March 22, 2018 (link); Myanmar Extractive Industries Transparency Initiative (MEITI), The Fourth Myanmar EITI Report For the Period 1 April 2016 to 31 March 2017 (FY 2016 - 2017) Oil and Gas, Gems and Jade, Other Minerals and Pearl, 30 March 2019 (link)
[13] "Oil and gas sector stands top FDI list", Eleven News, July 8, 2019 (link)
[14] "Myanmar earned over USD 3 billion by exporting gas to Thailand and China between October 2018 and August 2019", Thaibizmyanmar.com, September 2, 2019 (link).
[15] He-rim, "Posco International discovers new gas field in Myanmar", the Korea Herald, February 17, 2020 (link)
[16] DFDL, "Myanmar Legal Update: Oil & Gas Blocks Tender 2019 – The new Draft Petroleum Law and Revised PSC", June 25, 2019 (link)
[17] Wildlife Conservation Society, Marine Conservation in Myanmar, 2014
[18] ERM, EIA for exploration drilling in Block A-3, Scoping study for Posco, March 13, 2019
[19] The calculated Burma Government 2019 revenues from the oil pipeline transit are based on Burma-China agreement for US$ 13.6 million as an annual transit fee and US$ 1 per tonne exported, and the 2019 export amount of 10.8 million tonnes; "China-Myanmar Pipeline carries 10.8 mln tonnes crude oil in 2019", Xinhuanet, January 14, 2020 (link); O'Niell, Dividing ASEAN and Conquering the South China Sea: China's Financial Power Projection, September 2018
[20] Chan Myat Htwe, "Industrial zone in Kyaukphyu to be built at $30B", the Myanmar Times, February 20, 2020, (link)
[21] https://www.worldometers.info/coronavirus/, accessed on July 2, 2020
[22] Shwe Gas Movement, Corridor of power: China's trans-Burma oil and gas pipelines, September 2009
[23] Chan Myat Htwe, "Kaladan project's port and river terminal completed", the Myanmar Times, July 12, 2019
[24] Naqvi, "Myanmar rebel group releases four abducted Indians, fifth dies in detention", the Hindustan Times, November 4, 2019 (link)
[25] "Rakhine State gov't to charge another social activist with 66 (d)", Narinjara News, October 8, 2020 (link)

ဤအစီရင်ခံစာတွင် - ရခိုင်ပြည်နယ်တွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု နောက်ဆုံးအခြေအနေများ၊ ဒေသတွင်း ပြည်သူများ၏ မြေယာနှင့် ရပိုင်ခွင့်များကို ကာကွယ်နိုင်ရန် ကြိုးပမ်းအားထုတ်တိုက် ပွဲဝင်ရမှုများ၊ ပြည်တွင်းပဋိပက္ခကို အဆုံးသတ်နိုင်မည့် အဓိကသော့ချက်တခုဖြစ်သည့် - အနာဂတ်တွင် ဖြစ်ပေါ်လာမည့် ဖက်ဒရယ်ပြည်ထောင်စုတွင် သဘာဝသယံဇာတများအား မည်သို့ ကိုင်တွယ်စီမံခန့်ခွဲကြမည်နည်းဟူသော အဖြေထုတ်မှုများအတွက် နိုင်ငံရေးတွင် ဦးဆောင်ပါဝင်ကြသူများ၏ အဆိုပြုချက်များကို ဖော်ပြထားသည်။





The Irrawaddy



AP

